မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် ၂၀၂၃ ခုနှစ်၊ မေ ၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၂)၊ အမှတ်(၂၁၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များနှင့်ဇနီးများ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်း ပူဇော်စဉ်။

နေပြည်တော် မေ ၃

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏၁၂လရာသီပွဲတော်တွင် တစ်ခုအပါအဝင်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့ဖြစ်သော ယနေ့ ကျရောက်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော် မြောက်ဘက်အရပ်ရှိ မဟာဗောဓိညောင်ပင်တော်များအား (၁၅)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိညောင်ပင်တော်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊

စာမျက်နှာ ၆ ကော်လံ ၁

ယနေ့ ဖတ်စရာ

ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပ — ပြည်တွင်းသတင်း စာ ၁၀

ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ် ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည် ပူဇော်ပွဲ ကျင်းပ — ပြည်တွင်းသတင်း စာ ၁၁

ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ၊ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော် — ပြည်တွင်းသတင်း စာ ၁၂

မြန်မာ့အလင်း

အနာဂတ်အင်အား လူငယ်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နိုင်ငံတော်အခြေခံမူများတွင် “နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်။” ဟူ၍ ပြဋ္ဌာန်းထားသည်။ ယနေ့ လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် အင်အားစုများဖြစ်သည့်အလျောက် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းရည်မြင့်မားရေးတို့အတွက် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးသွားရန် လွန်စွာအရေးကြီးသည်။

“နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏ အနာဂတ်အတွက်ဦးဆောင်နိုင်သည့်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန်ရည်မှန်းချက်ထားပြီး အများနှင့်စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကိုဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍ အစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့လေ့ကျင့်ပေးသည့်အတွက် မောင်တို့မယ်တို့သည် ဘက်စုံထူးချွန် လူရည်ချွန် လူရည်မွန်များအဖြစ် တိုင်းပြည်၏ အနာဂတ်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အထောက်အကူဖြစ်လာမည်ပင် ဖြစ်ကြောင်း၊” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံ၍ သြဝါဒစကား မြွက်ကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများ အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန် အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံ သင်တန်းများနှင့် တန်းမြင့်သင်တန်းများကို ဧပြီလ ၂၄ ရက်က စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လူငယ်သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၄၀၀ ခန့်တို့ တက်ရောက်လေ့ကျင့် သင်ကြားလျက်ရှိကြသည်။

ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများကို သင်တန်းစခန်း ၁၁ ခုတွင် အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံ သဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေး၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းများ သင်ကြားပေးလျက်ရှိရာ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၁၂ ဦး လေ့လာသင်ယူလျက်ရှိကြသည်။ အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းများကို သင်တန်းစခန်း ၁၇ ခု၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရား၊ လေယာဉ်တည်ဆောက်မှုအခြေခံသဘောတရား၊ လေယာဉ်စက်အုံတည်ဆောက်မှုအခြေခံများ၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှုအခြေခံများ၊ RC Simulartor မောင်းနှင်ခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်မောင်းနှင်ခြင်း၊ အခြေခံစစ်ပညာ(လက်နက်မဲ့) ဘာသာရပ်များကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့က လေ့လာသင်ယူလျက်ရှိကြသည်။

နွေကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားကျောင်းသူလူငယ်များ သင်ယူခွင့်၊ လေ့လာခွင့်၊ လေ့ကျင့်ခွင့် ရရှိခဲ့ကြသည့် ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ အသိသုတများ၊ ပညာရပ်များက အသိပညာဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရသည့် ပညာရှင်များလည်း ထွက်ပေါ်လာစေနိုင်မည်ဖြစ်ရာ နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်မည့် မျိုးဆက်သစ်များ ပြုစုပျိုးထောင်မှုမှ စွမ်းရည်မြင့်လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၃၂/၂၀၂၃
၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃ ရက်)

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ကျရောက်သည့် **ကဆုန်လပြည့်ဗုဒ္ဓနေ့** အထိမ်းအမှတ်အားဖြင့် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား/သူ (၃၈) ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က) အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃

ပြည်ထဲရေးဝန်ကြီးဌာန မိသားစု ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် တောင်းဆုရ “ဝ” စေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဇနီးတို့သည် တောင်းဆုရ “ဝ” စေတီတော် ညီတော်ဘုရား လိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားမှူးက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ရန် ပန်ကြားသည့် မဟာဗောဓိ ရုက္ခသိဓ္ဓနပူဇာ ဂါထာတော်ကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီးတို့ ဦးဆောင်သော အခမ်းအနားသို့ တက်ရောက်လာသူများက သတ်မှတ်ထားသည့် နေရာတို့မှ အဖွဲ့လိုက် မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်း၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် နေပြည်တော် မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား (၂)ဦးနှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်) ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com ၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သမ္ဗုဒ္ဓေ မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်စဉ်။

မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ ကဆုန်လပြည့်ကုသိုလ်တော်အဖြစ် မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ ကုသိုလ်တော်အဖြစ် မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။

တက်ရောက်ပူဇော်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုနှင့် ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်း အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ မုစလိန္ဒ နဂါးရုံဘုရားကျောင်းဆောင်တော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်း အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်သည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်စဉ်။

သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သမ္ဗုဒ္ဓေ မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်အား မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး "ဇယန္တော ဗောဓိယာ မူလေ" အစရှိ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ မေတ္တာပြုအမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မုစလိန္ဒကန်တော်အတွင်းရှိ ငါးများကိုအစာများကျွေး၍ အာဟာရဒါနပြုကြသည်။

အဆိုပါ မုစလိန္ဒနဂါးရုံဘုရား တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် ခြောက်ခုမြောက်

စာမျက်နှာ ၄ သို့

" မုစလိန္ဒနဂါးရုံဘုရား တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် ခြောက်ခုမြောက် သတ္တာဟအဖြစ် မုစလိန္ဒ ခေါ် ကျည်းပင်သို့ ကြွရောက်သီတင်းသုံးခဲ့ကြောင်း၊ အဆိုပါသီတင်းပတ်တွင် ခုနစ်ရက် ခုနစ်လီ အခါမဲ့ မိုးကြီး ပြင်းထန်စွာရွာသွန်းလာခဲ့ကြောင်း၊ မုစလိန္ဒနဂါးမင်းသည် မြတ်စွာဘုရားအား မိုးရေမိုးပေါက်များ မထိမှန်စေရန် ကိုယ်တိုင်ကိုယ်ကျ ကောင်းမှုပြုလုပ်လိုသဖြင့် ခန္ဓာကိုယ်ကို ကြီးစွာဖန်ဆင်းလျက် မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်အား ခုနစ်ပတ် ပတ်ခွေပြီး အထက်မှပါးပျဉ်းဖြင့် ထိထိစပ်စပ်မိုးကာ ကာကွယ်ပေးခြင်းပြုလုပ်ခဲ့ "

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မုစလိန္ဒ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ် ရွတ်ဆိုပူဇော်စဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်မည့်နေရာတွင် ကျောက်မျက်ရတနာများကို ထည့်သွင်းပူဇော်စဉ်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ ရေစင်ရေသန့်များ သွန်းလောင်းစဉ်။

စာမျက်နှာ ၃ မှ

သတ္တာဟအဖြစ် မုစလိန္ဒ ခေါ် ကျည်းပင်သို့ကြွရောက် သီတင်းသုံးခဲ့ကြောင်း၊ အဆိုပါသီတင်းပတ်တွင် ခုနစ်ရက် ခုနစ်လီအခါမဲ့ မိုးကြီးပြင်းထန်စွာ ရွာသွန်းလာခဲ့ကြောင်း၊ မုစလိန္ဒ နဂါးမင်းသည် မြတ်စွာဘုရားအား မိုးရေမိုးပေါက်များ မထိမှန်စေရန် ကိုယ်တိုင်ကိုယ်ကျ ကောင်းမှုပြုလုပ်လိုသဖြင့် ခန္ဓာကိုယ်ကို ကြီးစွာဖန်ဆင်းလျက် မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်အား ခုနစ်ပတ်ပတ်ခွေပြီးအထက်မှ ပါးပျဉ်းဖြင့် ထိထိစပ်စပ်မိုးကာ ကာကွယ်ပေးခြင်း ပြုလုပ်ခဲ့ကြောင်း၊ ယခုမာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ မုစလိန္ဒနဂါးရုံဘုရား တည်ထားရာတွင် ဆရာတော်၊ သံဃာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌ ကထာစသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်နှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်

ဆက်လက်ပြီး ကဆုန်လပြည့်ဗုဒ္ဓနေ့ကုသိုလ်တော်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးအမှူးပြုသည့် ဧည့်ပရိသတ်များက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။

စာမျက်နှာ ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ ရေစင်ရေသန့်များ သွန်းလောင်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဗောဓိပင်တော် စိုက်ပျိုးအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးစဉ်။

စာမျက်နှာ ၄ မှ

ထို့နောက် အခမ်းအနားမှူးက မဟာဗောဓိရုက္ခ ရောပနပူဇာဂါထာကို ဖတ်ကြားပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော် စိုက်ပျိုးပူဇော်မည့်နေရာတွင် ကျောက်မျက်ရတနာများကို ထည့်သွင်းပူဇော်သည်။

ရေစင်ရေသန့်များ သွန်းလောင်း

ဆက်လက်၍ မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်တော်ကို စိုက်ပျိုး၍ မြေဆီမြေလွှာမြေဩဇာများ ကျွေးမွေးကာ ရေစင်ရေသန့်များ သွန်းလောင်းပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ ဇယမင်္ဂလာများ ဆောင်ရွက်ကြသည်။

ယင်းနောက် အောင်ဆုမင်္ဂလာအမျှဝေ စာတမ်းလွှာကို ဖတ်ကြား၍ မေတ္တာပြုအမျှပေးဝေပြီး "ဗုဒ္ဓသာသနံ စိရတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်း

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မဟာဗောဓိပင်တော်အား လက်ယာရစ်လှည့်လည် ပူဇော်၍ မဟာဗောဓိပင်တော် စိုက်ပျိုးအောင်မြင်ခြင်းအထိမ်းအမှတ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည် အေးချမ်းသာယာမှု ရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထုဆစ်မှုမှာ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်းနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိက အဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိပြီး ယခုအခါ သာသနိက အဆောက်အအုံများနှင့် ဗုဒ္ဓဥယျာဉ် တည်ဆောက်မှုမှာ ၈၃ ဒသမ ၃ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ပဲခူးမြို့ ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓော စေတီတော်မြတ်ကြီးအား သံဃာအပါး ၁၀၀၀ ဖြင့် ဗုဒ္ဓါဘိသေကအနေကဇာတင်

ပဲခူး မေ ၃

ပဲခူးမြို့ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓော စေတီတော်မြတ်ကြီးအား သံဃာအပါး ၁၀၀၀ ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ကဆုန်လပြည့်ဗုဒ္ဓနေ့ မေ ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်အပါး ၁၀၀၀ တို့က ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများက ရွှေမော်ဓောစေတီတော်ရင်ပြင်ပေါ်ရှိ ဓမ္မာရုံ အသီးသီးတို့တွင် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ စေတနာရှင်အလှူရှင်များက ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် သံဃာတော် ၁၀၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ **(အပေါ်ပုံ)**

ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့မိမြို့ဖများ၊ အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ ဝေငှခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့လှူဒါန်းမှုအနေဖြင့် ငွေကျပ်သိန်း ၂၀၀၀ ကျော် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် မုံရွာမြို့ ကန်သာယာရာပြည့်ကပ်ကျော်စေတီတော်၌ စတုဒိသာအလှူတော်နှင့် ညောင်ရေသွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

မုံရွာ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် မုံရွာမြို့ ကန်သာယာရှိ ရာပြည့်ကပ်ကျော် စေတီတော်မြတ်ကြီး၌ စတုဒိသာ အလှူတော်နှင့် ညောင်ရေသွန်းပွဲတော်ကို မေ ၃ ရက် ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ စတုဒိသာအလှူတော် ပြုလုပ်ရာ မဏ္ဍပ်အသီးသီးအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားလွှတ်တော်ချုပ် ဦးဇော်ထူးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ကဆုန်လပြည့် ဗုဒ္ဓနေ့အား ရည်မှန်း၍ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ရာပြည့်ကပ်ကျော် စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့်ရှိ ဗောဓိညောင်ပင်အား ဗုဒ္ဓရည်မှန်း၍ ပျော်ရွှင်စွာ အတူတကွ ညောင်ရေသွန်းလောင်းကြသည်။ **(အောက်ပုံ)**

မုံရွာမြို့ ကန်သာယာ ရာပြည့်ကပ်ကျော် စေတီတော်ရင်ပြင်ရှိ ညောင်ရေသွန်းပွဲတော်တွင် စတုဒိသာမဏ္ဍပ် ၁၀ ခု ရှိပြီး ညောင်ရေသွန်းပွဲတော်သို့ တက်ရောက်လာကြသူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❁ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

လက်ယာရစ်လှည့်လည်ပူဇော်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ရန် နေရာယူကြရာ အခမ်းအနားမှူးက မဟာဗောဓိရုက္ခသိဉ္စန ပူဇာ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်၍ သာခုသုံးကြိမ်ခေါ်ဆိုပြီး သတ်မှတ်ထားသည့်နေရာများအလိုက် မဟာဗောဓိညောင်ပင်တော်များအား ညောင်ရေသွန်းလောင်းပူဇော်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်များအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ညောင်ရေသွန်းလောင်းပူဇော်

ထို့ပြင် ဇေယျာသီရိမြို့နယ် လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြု၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် မဟာဗောဓိညောင်ပင်တော်ကို ညောင်ရေသွန်းလောင်း ပူဇော်စဉ်။

နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား

အဆိုပါ ကဆုန်လပြည့်နေ့သည် ဒီပင်္ကရာမြတ်စွာဘုရားက ဂေါတမဘုရား အလောင်းတော် သုမေဓာရှင်ရသေ့အား **“ဘဒ္ဒကမ္ဘာတွင် ဘုရားအဖြစ်ကိုရလိမ့်မည်”** ဟု ဗျာဒိတ်တော်စကား မိန့်ကြားတော်မူသောနေ့၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်သောနေ့၊ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံတော်မူသောနေ့ ယင်းနေ့များသည် ကဆုန်လပြည့်နေ့များတွင်ပင်ဖြစ်သဖြင့် **“ဗျာဒိတ်ဖွားမြင် ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း”** ဟု မှတ်တမ်းပြုကြပြီး **ကဆုန်လပြည့် ဗုဒ္ဓနေ့** ဟူ၍ ဗုဒ္ဓဘာသာဝင်များက နေ့ထူးနေ့မြတ်အဖြစ် အထွတ်အမြတ်ထား၍ ကျင်းပပူဇော်လေ့ရှိကြောင်း၊ ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဂေါတမမြတ်စွာဘုရားသာလျှင်မကဘဲ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ပြုသောနေ့များမှာလည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ ကဆုန်လပြည့်နေ့ကို **“ဗုဒ္ဓနေ့”**ဟု သတ်မှတ်ခြင်းဖြစ်ကြောင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ကုသိုလ်ယူဖွယ်ရာ၊ ဝမ်းသာကြည်နူးဖွယ်ရာ ဘာသာရေးဆိုင်ရာပွဲတော်တစ်ခုဖြစ်သည့်အပြင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ကျင်းပပြုလုပ်သည့် ပွဲတော်ဖြစ်ကြောင်းနှင့် ကဆုန်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် ညောင်ရေသွန်းလောင်းကြမည့် ညောင်ပင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း၊ မဟာဗောဓိပင်ပလ္လင်တော်အား ကြည်ညိုစဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း စသည့်ကုသိုလ်ယူဖွယ်များကို ပြုလုပ်လေ့ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သာစည်မြို့၌ သံဃာတော် ၁၀၈ ပါးအား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူ

သာစည် မေ ၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သံဃာတော် ၁၀၈ ပါးအား သံဃာ့ဒါန ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူပူဇော်ပွဲကို ကဆုန်လပြည့်(ဗုဒ္ဓနေ့) နံနက် ၆ နာရီက အမှတ်(၆) ရပ်ကွက် သာယာကုန်း ကျောင်းတိုက်၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ သံဃာတော် ၁၀၈ ပါးအား အရုဏ်ဆွမ်းဆက်ကပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အလှူရှင်များက သံဃာ့ဒါန ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြရာ စုစုပေါင်း လှူဒါန်းငွေကျပ် ၄၄၃၇၂၀၀ လှူဒါန်းနိုင်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကုသိုလ်ရှင်အလှူရှင်များက သာယာကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညဇေထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံအစိုးရက ဆီးရီးယားအာရပ်သမ္မတနိုင်ငံအား လူသားချင်းစာနာ ထောက်ထားမှုအကူအညီအဖြစ် အလှူငွေ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၃

ဆီးရီးယား အာရပ်သမ္မတနိုင်ငံတွင် ဖေဖော်ဝါရီ ၆ ရက်က မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပြည်သူများအတွက် မြန်မာနိုင်ငံအစိုးရက လူသားချင်း စာနာထောက်ထားမှု အကူအညီအဖြစ် အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ညီမျှသည့် အိန္ဒိယရူပီးငွေ ၈၁၂၇၂၀၄ ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အိန္ဒိယနိုင်ငံဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး H.E. Dr. Bassam Seifeddin Alkhatib ထံသို့ ဧပြီ ၂၈ ရက်တွင် လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ရွှေဘိုမြို့၌ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်း ပူဇော်ပွဲကျင်းပ

ရွှေဘို မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ၁၃၈၅ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် (၁၂၈) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ရွှေဘိုမြို့ထောင့်စေတီဘုရားပရိဝုဏ်တွင်းရှိ ဗောဓိရွှေညောင်ပင်၌ ကျင်းပသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်သို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်အောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေစဉ်။

၂၀၂၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့ဓမ္မသဘင် မင်္ဂလာအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို

နေပြည်တော် မေ ၃

၂၀၂၃ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ ဓမ္မသဘင်မင်္ဂလာအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက် သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော် ဩဝါဒါစရိယ သောဠသမ ရွှေကျင် သာသနာပိုင်ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ တို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး တို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်း ရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ နှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီး များနှင့်ဇနီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ နေပြည်တော်တိုင်း စစ်ဌာန ချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက် ကြည်ညိုကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က ဓမ္မပူဇာ နဝကမ္မအလှူတော်ငွေကျပ် ၁၁၁၁ သိန်းကျော် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကို ကပ္ပိယကာရကအဖြစ် လက်ခံရယူစဉ်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက မြင်းခြံဆရာ တော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သီတဂူဆရာ တော်ကြီး ဟောကြားတော်မူ သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ ဆိုင်ရာ ဓမ္မကထာဒေသနာတော် ကို ရိုသေလေးမြတ်စွာ နာယူ ကြသည်။



နိုင်ငံတော် ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ ဓမ္မကထာဒေသနာတော် ဟောကြားတော်မူစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဓမ္မပူဇာ နဝကမ္မအလှူတော် ငွေကျပ် ၁၁၁၁ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို က ကပ္ပိယကာရကအဖြစ် လက်ခံရယူသည်။

ထို့နောက် သီတဂူဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကဆုန်လပြည့်နေ့၌ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ပွန်ဘုရားကြီး (၅၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲကျင်းပ

ပဲခူး မေ ၃

ပဲခူးတိုင်းဒေသကြီး ဥသာမြို့သစ်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ပွန်ဘုရားကြီး ဗုဒ္ဓပူဇနိယ ပွဲတော်ကို ကဆုန်လပြည့်နေ့ ယနေ့နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်ကို နံနက် ၇ နာရီခွဲတွင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗောဓိညောင်ပင်အား ရေသွန်းလောင်းပူဇော်ကြသည်။

ကျိုက်ပွန်ဘုရားကြီးကို မြန်မာသက္ကရာဇ် ၈၃၇ ခုနှစ်တွင် ဘုရားဒါယကာ ဓမ္မစေတီမင်းကြီးက တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ ကျိုက်ပွန်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ ယခုနှစ်တွင် (၅၄၇)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ဘုရားပွဲဈေးဆိုင်များ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

မောင်လူမော်(DALMS)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

၂၀၂၃ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို

နေပြည်တော် မေ ၃

၂၀၂၃ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့အထိမ်းအမှတ် ကုသိုလ်တော်အဖြစ် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်၊ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ၊ နိုင်ငံတော်ဩဝါဒါစရိယ သောဠသမဏ္ဍေကျောင် သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ကပ်လှူပူဇော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော် ကပ်လှူပူဇော်စဉ်။

အခမ်းအနား မစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်သည်။

ပရိတ်တရားတော်များ နာယူကြည်ညို

ထို့နောက် အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

စာမျက်နှာ ၉ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၃ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ်ကုသိုလ်တော်အဖြစ် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့ မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော် အရာရှိကြီးများက ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မြင်းခြံမြို့ သီရိမာလာကျောင်း ကိုးဆောင်ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာအောင်ကျော်မင်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးခွန်စံလွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကဆုန်လပြည့်ဗုဒ္ဓနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ စာတမ်းဖတ်ပွဲ သဘာပတိဆရာတော်ကြီးများ၊ စာတမ်းရှင် ဆရာတော်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

အခမ်းအနားတွင် သဘာပတိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရက အဖွင့် ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ် (စစ်ကိုင်း)မှ ပါမောက္ခ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုသလ က **“ဒီပင်္ကရာ ဘုရားရှင်လက်ထက် သုမေဓာ ရှင်ရသေ့ဘဝတွင် ဗုဒ္ဓ မြတ်စွာ ဘုရားအလောင်းတော် ဗျာဒိတ်ခံယူတော်မူခြင်း”** စာတမ်းနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)မှ ဌာနမှူး ဆရာတော်၊ မဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒာဝရ က **“သိဒ္ဓတ္ထမင်းသား ဖွားတော်မူခိုက် စကြာဝဠာတစ်ဝိုက် ထူးခြားမှုကြီးများကို လေ့လာခြင်း”** စာတမ်းတို့ကို ဖတ်ကြားတော်မူကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရက စာတမ်းများနှင့် စပ်လျဉ်း၍ ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခ က **“သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားအဖြစ်သို့ ပွင့်ထွန်းပေါ်ပေါက်တော်မူခြင်း”** စာတမ်းနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ/ဌာနမှူး ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒ က **“ဗုဒ္ဓ မြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း”** စာတမ်းတို့ကို ဖတ်ကြားတော်မူကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက စာတမ်းများနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းလျှောက်ထားကြရာ စာတမ်းရှင်ဆရာတော်များက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သဘာပတိဆရာတော်ကြီးများနှင့် စာတမ်းရှင် ဆရာတော်များအား စာတမ်းဖတ်ပွဲအခမ်းအနား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဘာပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ် ဩဝါဒ ကထာ မိန့်ကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုသလ စာတမ်းဖတ်ကြားတော်မူစဉ်။



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရ စာတမ်းဖတ်ကြားတော်မူစဉ်။



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခ စာတမ်းဖတ်ကြားတော်မူစဉ်။



ဆရာတော် ဒေါက်တာ ဘဒ္ဒန္တထေရိန္ဒ စာတမ်းဖတ်ကြားတော်မူစဉ်။

သံဝေဇနီယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)ရှိ မဟာဗောဓိကျောင်းပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်

နေပြည်တော် မေ ၃

နေပြည်တော်ကောင်စီကကြီးမှူး၍ ကဆုန် လပြည့်ဗုဒ္ဓနေ့ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ မိနစ်၂၀ တွင် နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ရှိ မဟာဗောဓိညောင်ပင်တော်တွင် ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ၏ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။

ဦးစွာ အခမ်းအနားမှူးက ကဆုန် ညောင်ရေသွန်းလောင်းပူဇော်ရန် ပန်ကြားသည့် မဟာဗောဓိရုက္ခသိဒ္ဓိန ပူဇာဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၏ဇနီး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများက သတ်မှတ်ထားသည့်နေရာများ အလိုက် မဟာဗောဓိညောင်ပင်တော်အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြကာ မဟာဗောဓိညောင်ပင်ကို လက်ယာရစ် လှည့်လည်ပူဇော်ခဲ့ကြကြောင်း သိရသည်။

ထွန်းထွန်းဝင်း (ပြန်/ဆက်)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၄

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ စတင်ဖြစ်ပေါ် လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲ ကျင်းပ

နေပြည်တော် မေ ၃

ကဆုန်လပြည့် ဗုဒ္ဓနေ့အထိမ်းအမှတ် ဆီမီးတိုင်များကိုင်ဆောင်၍ လှည့်လည်ပူဇော်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ စုရပ်တပေါင်းကွင်းမှ စတင်ထွက်ခွာကြပြီး ဗျာဒိတ်တော် ခံယူတော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား ကျောင်းသူများက စေတီတော်မြတ်ကြီး၏အရှေ့ဘက် မုခ်ဦး၌ လည်းကောင်း၊ ဖွားမြင်တော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက စေတီတော်မြတ်ကြီး မြောက်ဘက်မုခ်ဦး၌ လည်းကောင်း၊ ဘုရားပွင့်တော်မူခြင်းယာဉ်နှင့် သာသနာ့အလံ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ကျောင်းသား ကျောင်းသူများက စေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ်ဦး၌ လည်းကောင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်းယာဉ်နှင့် သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများက တောင်ဘက်မုခ်ဦး၌ လည်းကောင်း ရောက်ရှိနေရာယူကြသည်။

ထို့မှတစ်ဆင့် သာသနာ့အလံများ၊ ဆီမီးတိုင်များကို ကိုင်ဆောင်ထားသည့်ကျောင်းသားကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် သက်ဆိုင်ရာမုခ်ဦးများမှတစ်ဆင့် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ တစ်ပြိုင်တည်း တက်ရောက်၍ သတ်မှတ်နေရာများ၌ အလံတိုင်များနှင့် ဆီမီးတိုင်များကို စိုက်ထူပူဇော်ကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ရာတွင် ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်း စုစုပေါင်း ၁၀၈၀ ဖြင့် လှည့်လည်ပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများ လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများက ယနေ့ ညနေပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃/၄) တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြလျှောက်ထားသည်။

ထို့နောက်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ “ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့ ” အား စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် မေ ၃

ကဆုန်လပြည့်နေ့ဖြစ်သည့် ယနေ့သည် ဘုရားအလောင်းတော် သုမေဓာရှင် ရသေ့ဘဝတွင် ဒီပင်္ကရာ မြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းဆင်မြန်းခဲ့သော နေ့ဖြစ်ခြင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ် ဖွားမြင်သောနေ့ဖြစ်ခြင်း၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသောနေ့ဖြစ်ခြင်းနှင့် မြတ်ဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ဖြစ်ခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် အလွန်ပင်ထူးခြားမွန်မြတ်သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောနေ့တွင် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည့် ဖွားဖက်တော် ခုနစ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်ရှိစေရန် များစွာအထောက်အကူပြုခဲ့သည့်အတွက် မဟာဗောဓိပင်သည် ပရိဘောဂစေတီထိုက်သော စေတီတော် တစ်ဆူလည်းဖြစ်သည်။ ကဆုန်လသည် မြေကြီးခတ်တွင်

ရေပြတ်လပ်သည့် နွေကာလဖြစ်သည့်အတွက် ဗောဓိပင်တော်များကို ကဆုန်ညောင်ရေသွန်းလောင်းခြင်းလည်းဖြစ်ရာ မြန်မာတို့သည် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ဘာသာတရား၏ အဆုံးအမတို့ဖြင့် ကဆုန်ညောင်ရေသွန်းပွဲကို နှစ်စဉ်ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲများကို ရွှေတိဂုံစေတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပပြုလုပ်သည့် ညောင်ရေသွန်းပွဲအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရားပုထိုးစေတီများ၌ ယနေ့တွင် ကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ တာဝန်ရှိသူများ၊ ဝတ်အသင်းများ၊ ရေကြောင်းလူငယ်သင်တန်းနှင့် လေကြောင်းလူငယ်သင်တန်းတို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သတ်မှတ်နေရာများအလိုက် မဟာဗောဓိပင်များကို ညောင်ရေသွန်းလောင်းလှူကြ၍ အမွှေးနံ့သာရည် ပက်ဖျန်းခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ဒါန သီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို အားထုတ်ဆောင်ရွက်ကြသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စည်ကားသိုက်မြိုက်စွာ လာရောက် ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြောင်းမြမြို့တွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲ စည်ကားစွာကျင်းပ

မြောင်းမြ မေ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီ၌ ရှေးဟောင်းသမိုင်းဝင် စကြာသီဟ၊ စကြာနန္ဒ ဘုရားဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

အဆိုပါ ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိ/ရပ်ဖများ၊ မြို့ပေါ်နေပြည်သူများက စကြာသီဟ၊ စကြာနန္ဒဘုရားဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်အား စုပေါင်း၍ ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြသည်။

ထို့အပြင် မြောင်းမြမြို့အတွင်းရှိဘုရားပုထိုးစေတီ၊ ကျောင်းကန်များတွင် ဥပုသ်သီလစောင့်တည်နေသူများ၊ ဘုရားဖူးများ၊ ညောင်ရေသွန်းလောင်း ပူဇော်နေသူများ၊ စတုဒိသာ အလှူလုပ်နေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

မြောင်းမြ (ပြန်/ဆက်)

ကသာ၌ ညောင်ရေသွန်းလောင်းပွဲတော် စည်ကားစွာကျင်းပ

ကသာ မေ ၃

ကဆုန်လပြည့် (ဗုဒ္ဓနေ့) အထိမ်းအမှတ် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက ကသာမြို့ မဟာလေးထပ်ကျောင်းဝင်းအတွင်း၌ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပခဲ့သည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့) အခမ်းအနားတွင် မြို့နယ်သံဃနာယကဆရာတော်ကြီးများနှင့် ဩ့ပရိတ်သတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဝတ်အသင်းအဖွဲ့များက မဟာလေးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တကုသလ မဟာထေရ်မြတ်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် သွန်းလောင်းပူဇော်ခဲ့ကြသည်။

ခရိုင် (ပြန်/ဆက်)

နန်းတက်ပွဲနီးကပ်လာချိန်၌ ဘာကင်ဟမ်နန်းတော်အတွင်းသို့ ကျည်တောင့်များ ပစ်သွင်းခဲ့သည့်အတွက် အမျိုးသားတစ်ဦး အဖမ်းခံရ

လန်ဒန် မေ ၃

ဘာကင်ဟမ်နန်းတော်မြေပြင်သို့ သေနတ်ကျည်ဆန်တောင့်များ ပစ်သွင်းသည့်အတွက် အမျိုးသားတစ်ဦးကို ဖမ်းဆီးထားကြောင်း ဗြိတိန်ရဲများက ပြောသည်။ တတိယမြောက်ချားလ်ဘုရင် နန်းတက်ပွဲမတိုင်မီ လေးရက်အလိုတွင် ယခုလိုအဖြစ်အပျက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမျိုးသားမှာ နန်းတော်ဂိတ်သို့ ချဉ်းကပ်လာပြီး မေ ၂ ရက် ညပိုင်းက သေနတ်ကျည်ဆန်တောင့်များကို နန်းတော်မြေပြင်ပေါ်သို့ ပစ်သွင်းခဲ့ခြင်းဖြစ်သည်ဟု ရဲက ပြောသည်။ ပြင်းထန်သည့် လက်နက်ကိုင်ဆောင်မှုသံသယဖြင့် ၎င်းကို ဖမ်းဆီးခဲ့သည်။

၎င်းနှင့်အတူ လွယ်အိတ်တစ်အိတ်နှင့် ဓားတစ်လက်ကိုပါ တွေ့ရှိခဲ့သည်။ ချားလ်ဘုရင်သည် မိဖုရား ကင်မီလာနှင့်အတူ လာမည့် စနေနေ့တွင် နန်းတက်ပွဲကျင်းပမည်ဖြစ်သည်။ ယင်းကဲ့သို့ အခင်းဖြစ်ပွားချိန်က ဘုရင်နှင့်မိဖုရားတို့မှာ နန်းတော်တွင် မရှိဟု တော်ဝင်မိသားစုက ပြောသည်။ နန်းတော်အစောင့်များနှင့် နန်းတက်ပွဲတွင်ပါဝင်မည့် အခြားသောသူများသည် နန်းတက်ပွဲ ချီတက်ပွဲအတွက် အစမ်းလေ့ကျင့်နေကြသည်။ တော်ဝင်မိသားစုကို လာရောက်ကြည့်ရှုကြသည့် ပရိသတ်များသည်လည်း အနီးအနားတွင် ရှိနေကြသည်။

နန်းတော်သို့သွားရာ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင် ပြည်သူများက စောင့်ဆိုင်းကာ ဂုဏ်ယူကြောင်း ပြောကြားနေကြသည်။ အဆိုပါဖြစ်ရပ်ကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိဟု ရဲများကပြောသည်။

ယခုအခါ အဆိုပါနေရာကို အာဏာပိုင်များက လုံခြုံရေးတင်းကျပ်ထားသည်။ နယ်မြေနှင့်နိုင်ငံပေါင်း ၂၀၀ ကျော်တို့မှ ဂုဏ်သရေရှိလူကြီးများသည် နန်းတက်ပွဲအခမ်းအနားကို တက်ရောက်ဆင်နွှဲကြမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

အခင်းဖြစ်ပွားပြီးနောက် ဘာကင်ဟမ်နန်းတော်ရှေ့တွင် ရဲများကို တွေ့ရစဉ်။

တာလီဘန်က ကုလသမဂ္ဂအမျိုးသမီးဝန်ထမ်းများကို ပိတ်ပင်တားမြစ်ထားသော်လည်း အာဖဂန်နစ္စတန်အား ဆက်လက်ကူညီထောက်ပံ့သွားမည်ဟု ကုလအကြီးအကဲပြော

နယူးယောက်စီးတီး မေ ၃

တာလီဘန်က ကုလသမဂ္ဂအမျိုးသမီးဝန်ထမ်းများကို ပိတ်ပင်ထားသော်လည်း အာဖဂန်နစ္စတန်နိုင်ငံသို့ ကူညီထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကတိပြုပြောကြားလိုက်သည်။

အမေရိကန်၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၂၀ မှ သံတမန်များနှင့် တွေ့ဆုံပြီးနောက် မေ ၂ ရက်က ဒိုဟာမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ အန်တိုနီယို ဂူတာရက်စ်က ထိုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ ဧပြီလမှ စတင်ကာ ကုလသမဂ္ဂဆိုင်ရာ အာဖဂန်အမျိုးသမီးဝန်ထမ်းများကို တာလီဘန်က ပိတ်ပင်တားမြစ်လိုက်ပြီးနောက် ဂူတာရက်စ်နှင့် ဆွေးနွေးပွဲ တက်ရောက်လာသူများက အာဖဂန်နစ္စတန်နိုင်ငံ၌ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်သွားမည်ဆိုသည်ကို ဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ထို့ပြင် ဂူတာရက်စ် က အာဖဂန်နစ္စတန်နိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက် အဖွဲ့အစည်းရှိနေခြင်းအပေါ် အလွန်အမင်းစိုးရိမ်မိကြောင်း ပြောသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် ယနေ့ကမ္ဘာပေါ်တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို အပြင်းထန်ဆုံး ရင်ဆိုင်နေရကြောင်းနှင့် ကုလသမဂ္ဂအနေဖြင့် အာဖဂန်ပြည်သူများအား ထောက်ပံ့ကူညီရန် ၎င်း၏ ကတိကဝတ်များ ယိမ်းယိုင်သွားမည် မဟုတ်ကြောင်း၎င်းကဖြည့်စွက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

ဧပြီလတွင် ရေနံစိမ်းစည်ပေါင်း ၉၉ သန်းခန့် အီရတ်နိုင်ငံ တင်ပို့နိုင်ခဲ့

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံသည် ဧပြီလတွင် ရေနံစိမ်းစည်ပေါင်း ၉၈ ဒသမ ၆၃ သန်းခန့် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၉ ဘီလီယံရရှိခဲ့ကြောင်း ရေနံဝန်ကြီးဌာနက မေ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဧပြီလတွင် အီရတ်ရေနံစိမ်း တစ်စည်လျှင် ပျမ်းမျှတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၉ ဒေါ်လာဖြစ်ကြောင်း အီရတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့အစည်း၏ ကိန်းဂဏန်းအချက်အလက်များကို ကိုးကား၍ အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဧပြီလအတွင်း ရေနံစိမ်းတင်ပို့မှု အားလုံးသည် ဘာစရာဆိပ်ကမ်းမှ တစ်ဆင့် အီရတ်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းရှိ ရေနံမြေများမှ ဖြစ်ကြောင်း သိရသည်။

မတ်လ နှောင်းပိုင်းတွင် အီရတ်နိုင်ငံသည် နိုင်ငံမြောက်ပိုင်းရေနံမြေများမှ တစ်ရက်လျှင် ရေနံစည် ၄၅၀၀၀၀ ကို ပိုက်လိုင်း

မှတစ်ဆင့် တူရကီယဲ မြေထဲပင်လယ်ဆိပ်ကမ်း စေဟမ်းသို့ တင်ပို့မှုကို ရပ်နားခဲ့သည်။ ဧပြီ ၄ ရက်တွင် အီရတ်အစိုးရနှင့် ကာ့ဒ်ဒေသဆိုင်ရာ အစိုးရတို့ တူကီယဲမှတစ်ဆင့် ကာ့ဒ်ရေနံ တင်ပို့မှုများ ပြန်လည်စတင်ရန် ကြားဖြတ် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ သို့သော်လည်း တူကီယဲက ရေနံတင်ပို့မှု ပြန်လည်မစတင်မီ ခုံသမာဓိစီရင်ဆုံးဖြတ်ချက်ဖြင့် စေ့စပ်ညှိနှိုင်းလိုကြောင်းပြောကြားကာ ရေနံတင်ပို့မှုကို ဆက်လက်ရပ်တန့်စေခဲ့သည်။

အီရတ်နိုင်ငံ၏ ဝင်ငွေ ၉၀ ရာခိုင်နှုန်းကျော် လက်ခံရရှိနေသော နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှု အပေါ်တွင် ကြီးမားစွာ မှီခိုနေရကြောင်း သိရသည်။ **ဆင်ဟွာ**

ရဝမ်ဒါ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၀၉ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွား

ကီဂါလီ မေ ၃

ရဝမ်ဒါနိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းပြည်နယ်များတွင် နှစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး ရေလျှံမှုဖြစ်ပွားသောကြောင့် ၁၀၉ ဦးထက်မနည်း သေဆုံးကြောင်း ဒေသအာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

မေ ၂ ရက်နှင့် ၃ ရက်အကြား ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားပြီး ရေကြီးရေလျှံမှုအတွင်း ၉၅ ဦးထက်မနည်း သေဆုံးကြောင်း မေ ၃ ရက် နံနက်ပိုင်းတွင် အနောက်ပိုင်းပြည်နယ် အုပ်ချုပ်ရေးမှူး ဖရန်ကို့စ် ဟာဘစ်တီဂီကို က နိုင်ငံပိုင်ရုပ်သံလွှင့်ဌာန ရဝမ်ဒါ ရုပ်မြင်သံကြားသို့ ပြောသည်။ ထို့ပြင် အလားတူရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ၁၄ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း မြောက်ပိုင်းပြည်နယ်အုပ်ချုပ်ရေးမှူး ဒန်ဆစ်လီ နစ်ရာရူဂီရို က အဆိုပါ အသံလွှင့်ဌာနသို့ အတည်ပြုပြောသည်။

ရဝမ်ဒါမိုးလေဝသအေဂျင်စီ၏ နောက်ဆုံး မိုးလေဝသခန့်မှန်းချက်များအရ နိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားတွင် ခန့်မှန်းထားသည့် မိုးရေချိန်သည် မေလတွင် မှတ်တမ်းတင်လေ့ရှိသော မိုးရေချိန်ထက် အနည်းငယ်ပိုလွန်ဖွယ်ရှိကြောင်း သိရသည်။

ဆင်ဟွာ

နယူးဇီလန်နိုင်ငံ၌ ကိုဗစ် - ၁၉ အလွန် လက်ထပ်သူဦးရေ ပြန်လည်များပြားလာ

ဝယ်လင်တန် မေ ၃

နယူးဇီလန်နိုင်ငံ၌ လက်ထပ်ပွဲကျင်းပသူဦးရေမှာ၂၀၂၂ ခုနှစ်တွင် ပြန်လည်များပြားလာသည်ဟု သိရသည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း လက်ထပ်ပွဲကျင်းပသည့်စုံတွဲဦးရေမှာ ကျဆင်းခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ပြန်လည်များပြားလာခဲ့သည်ဟု နယူးဇီလန်စာရင်းအင်းဌာနက မေ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် လက်ထပ်မှတ်ပုံတင်သည့် စုံတွဲဦးရေမှာ ၁၈၈၅၈ ဦးရှိပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၅၆၅၇ ဦးတိုးလာခြင်းဖြစ်သည်။

သို့သော်လည်း အဆိုပါ အရေအတွက်မှာ ကိုဗစ်-၁၉ မတိုင်မီကာလများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည်။ ကိုဗစ်-၁၉ ကြောင့် လူစုလူဝေးပြုလုပ်ခြင်းအတွက် ကန့်သတ်ချက်များရှိပြီး ယင်းကန့်သတ်ချက်များကြောင့် လက်ထပ်ပွဲကျင်းပမှု သိသိသာသာ လျော့ကျလာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့ပြီးနောက် လက်ထပ်မှတ်ပုံတင်သည့် စုံတွဲများပြားလာပြီး ကပ်ရောဂါမတိုင်မီ ကာလကကဲ့သို့ တဖြည်းဖြည်းပြန်လည်များပြားလာသည်။ **ဆင်ဟွာ**

ဆူဒန်၌ လက်နက်ကိုင်နှစ်ဖွဲ့အကြား အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့သည်ဟု တောင်ဆူဒန်ပြော

ခါတွန် မေ ၃

အိမ်နီးချင်း ဆူဒန်နိုင်ငံရှိ တိုက်ပွဲဖြစ်ပွားနေသည့် အဖွဲ့နှစ်ဖွဲ့မှာ ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု ရရှိခဲ့သည်ဟု တောင်ဆူဒန်နိုင်ငံက ပြောသည်။

တောင်ဆူဒန်နိုင်ငံ၏ကြားဝင်စေ့စပ်ပေးမှုဖြင့် ဆူဒန်အမျိုးသားတပ်ဖွဲ့နှင့် Rapid Support Forces အဖွဲ့တို့အကြား ခုနစ်ရက်ကြာ အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရရှိခဲ့သည်ဟု တောင်ဆူဒန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောသည်။ လာမည့်မေ ၄ ရက်မှ စတင်ကာ အပစ်အခတ်ရပ်စဲမှု စတင်မည်ဟုလည်း တောင်ဆူဒန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် တိုက်ပွဲဖြစ်ပွားနေသည့် အဖွဲ့နှစ်ဖွဲ့စလုံးမှလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ရွေးချယ်ခဲ့ကြသည်ဟု သိရသည်။ ဧပြီ ၁၅ ရက် ဆူဒန်နိုင်ငံ၌ တိုက်ပွဲများဖြစ်ပွားသည့် အချိန်မှစတင်ကာ သေဆုံးခဲ့ရသည့်ဦးရေမှာ ၅၂၈ ဦးထက် မနည်းရှိနေပြီဟု ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

မေ ၁ ရက်မှစတင်ကာ ၇၂ နာရီအကြာ အပစ်အခတ်ရပ်စဲရန် ကနဦးသဘောတူခဲ့သော်လည်း သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်ဟု ခါတွန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေထိုင်ကြသူများက ပြောသည်။

ဆူဒန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသို့ ဘေးလွတ်ရာပြောင်းရွှေ့သွားသည့် လူပေါင်း ၁၀၀၀၀၀ ကျော်ရှိသည်ဟု ကုလသမဂ္ဂက ပြောသည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပါက ဘေးလွတ်ရာသို့ ပြောင်းရွှေ့သူဦးရေမှာ ၈၀၀၀၀၀ ကျော်ရှိလာမည်ဟုလည်း သတိပေးထားသည်။

အင်န်အိတ်ချ်ကေ

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ထွက်ခွာ

ရန်ကုန် မေ ၃

၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ် တက်ရောက်မည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာ အားကစားအဖွဲ့ ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် မြန်မာ အားကစားအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာ အမျိုးသား လေကြောင်းလိုင်း (စင်းလုံးငှားလေယာဉ်) အမှတ် UB-7017 ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မိဘပြည်သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့မထွက်ခွာမီ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က မြန်မာအားကစား အဖွဲ့အားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကျန်းမာရေးကို အထူးဂရုစိုက်ရန်၊ အောင်မြင်မှုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အစွမ်းကုန်ကြိုးစားကြရန် အားပေးစကားပြောကြားကြသည်။

အဆိုပါ အားကစားအဖွဲ့များတွင် ဖိတ်ကြားခံပုဂ္ဂိုလ် တစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ ၁၃ ဦး၊ ဗိုဗီနမ် အားကစားနည်းမှ အုပ်ချုပ်/နည်းပြ ခြောက်ဦး၊ အမျိုးသားအားကစားသမား ၁၅ ဦး၊ အမျိုးသမီး အားကစားသမား ၁၁ ဦး၊ ပီတန်း အားကစားနည်းမှ အုပ်ချုပ်/နည်းပြနှစ်ဦး၊အမျိုးသားအားကစားသမား နှစ်ဦး၊အမျိုးသမီးအားကစားသမား ခုနစ်ဦး၊လက်ဝှေ့အားကစားနည်းမှ အုပ်ချုပ်/နည်းပြ လေးဦး၊ အမျိုးသား အားကစားသမား ခြောက်ဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ တင်းနစ်အားကစားနည်းမှ အုပ်ချုပ်/နည်းပြ နှစ်ဦး၊ အမျိုးသား အားကစားသမား လေးဦး၊ အမျိုးသမီးအားကစားသမား သုံးဦး၊ ပြေးခုန်ပစ်(မာရသွန်) အားကစားနည်းမှ အုပ်ချုပ် / နည်းပြ လေးဦး၊ အမျိုးသား အားကစားသမား နှစ်ဦး၊ အမျိုးသမီး အားကစားသမား လေးဦး၊ ရိုးရာလက်ဝှေ့အားကစားနည်းမှ အုပ်ချုပ်/နည်းပြ ခြောက်ဦး၊ အမျိုးသား အားကစားသမား ကိုးဦး၊ အမျိုးသမီး အားကစားသမား သုံးဦး၊ ခြင်းလုံးအားကစားနည်းမှ အုပ်ချုပ်/နည်းပြ ခြောက်ဦး၊ အမျိုးသား အားကစားသမား ၁၄ ဦး၊ အမျိုးသမီး အားကစားသမား ၁၄ ဦးနှင့် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး ရှစ်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။ **သတင်းစဉ်**

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖိလစ်ပိုင်ကို မြန်မာအသင်း အနိုင်ယူ

ရန်ကုန် မေ ၃

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၃ ရက်က စတင်ကျင်းပရာ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ယခုနောက်ပိုင်း နှစ်များတွင် ခြေစွမ်းပိုင်း သိသိသာသာ တိုးတက်လာသည့် ဖိလစ်ပိုင်အသင်းကို မြန်မာအသင်းအနေဖြင့် အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီး ပထမပိုင်းတွင် ဖိအားပေးကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းက ခြေအသာရခဲ့ပြီး ဂိုးသွင်းခွင့်အချို့ အသုံးမချနိုင်ခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်းက အနိုင်ရရန် ကစားအားမြင့်လာသလို မြန်မာအသင်းကလည်း အကောင်းဆုံး ရင်ဆိုင်ခဲ့သည်။ နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများ ရသော်လည်း အသုံးမချနိုင်ခဲ့ဘဲ မြန်မာအသင်းက ပွဲပြီးခါနီးတွင် အနိုင်ဂိုးရခဲ့သည်။ ၈၈ မိနစ်တွင် စန်းသော်သော်ကြောင့် ရရှိသည့် ပယ်နယ်တီကို တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက အမှားအယွင်းမရှိ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုပထမနေ့ အခြားပွဲများတွင် ထိုင်းအသင်းက စင်ကာပူအသင်းကို လေးဂိုးပြတ်၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို သုံးဂိုးပြတ်၊ အိမ်ရှင် ကမ္ဘောဒီးယားအသင်းက လာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မေ ၆ ရက်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**

ဓာတ်ပုံ-seagames 2023

❂ *ကျောဖုံးမှ*

အုပ်စု (က) တတိယနေ့တွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စု (က) တတိယနေ့အဖြစ် မေ ၄ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် တီမောအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မေ ၂ ရက် ပွဲစဉ်များ အပြီးတွင် အုပ်စု (က) ၌ ကမ္ဘောဒီးယားအသင်းက နှစ်ပွဲကစား လေးမှတ်၊ အင်ဒိုနီးရှားနှင့် မြန်မာအသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားပြီး တီမောအသင်းမှာမူ နှစ်ပွဲစလုံး အရေးနိမ့်ထားသည်။ မြန်မာအသင်းသည် တီမောအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းသည် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရထားခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုတွင်း အင်အားအတောင့်တင်းဆုံး အင်ဒိုနီးရှားနှင့် တွေ့ဆုံခြင်းဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲ အုပ်စုအဆင့်တွင် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံခြင်းဖြစ်သည်။ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ တွေ့ဆုံမှုတွင် အင်ဒိုနီးရှားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

ရဲရင့်လွင်

ဓာတ်ပုံ-MFF

ဆီးဂိမ်း အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပထမနေ့ ဗီယက်နမ်ကို မြန်မာအသင်း ရှုံးနိမ့်

ရန်ကုန် မေ ၃

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုပထမနေ့ကို မေ ၃ ရက်က ကမ္ဘောဒီးယားနိုင်ငံရှိ အိုလံပစ်အားကစားရုံ၌ စတင်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမ ပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးပွဲပြတ် ရှုံးနိမ့်ခဲ့သည်။ ဗီယက်နမ်အသင်းသည် မြန်မာအသင်းကို ပထမပွဲငယ်တွင် ၂၅-၁၄ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၅-၂၁ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၁၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမျိုးသား ဘော်လီဘောပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲ အဖြစ် မေ ၄ ရက် **(ယနေ့)** တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် VUC အသင်း မလေးရှားကလပ်ကို ရှုံးနိမ့်

ရန်ကုန် မေ ၃

၂၀၂၃ အာဆီယံ ဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို မေ ၃ ရက်က ထိုင်းနိုင်ငံ နခွန်ရတ်ချာစီမာမြို့တွင် ဆက်လက်ကျင်းပရာ မြန်မာကလပ် VUC အသင်း ရှုံးပွဲကြုံတွေ့ပြီး အုပ်စုမှထွက်ခဲ့ရသည်။

အုပ်စုနောက်ဆုံးနေ့တွင် မလေးရှားကလပ် ပါဟန်းရိန်းဂျားအသင်းက မြန်မာကလပ် VUC အသင်းကိုလေးဂိုး-သုံးဂိုး၊ဗီယက်နမ်ကလပ်ထိုင်ဆွန်နန်အသင်းက ဩစတြေးလျကလပ် Football Victoria အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ VUC အသင်းသည် နောက်ဆုံးပွဲတွင် မလေးရှားကလပ်ကို အနိုင်ရပါက ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် အုပ်စုမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ထိုင်းကလပ် ဟောင်ယန်သာခမ်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားကလပ် ပါဟန်းရိန်းဂျားအသင်းက ရမှတ် သုံးမှတ်ဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ်တက်ရောက်ပြီး မြန်မာကလပ် VUC အသင်းသည် နှစ်ပွဲစလုံးရှုံးကာ အုပ်စုမှ ထွက်ခဲ့ရသည်။ အုပ်စု (ခ) တွင်မူ အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ်ကလပ် ထိုင်ဆွန်နန်အသင်းက ရမှတ်သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့ပြီး ဩစတြေးလျကလပ် Football Victoria အသင်းသည် နှစ်ပွဲစလုံး အရေးနိမ့်ကာ အုပ်စုမှထွက်ခဲ့ရသည်။ **ရဲရင့်လွင်**

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ ဗီယက်နမ်နှင့် မလေးရှား အနိုင်ရ

ရန်ကုန် မေ ၃

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို မေ ၃ ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်း အနိုင်ရခဲ့သည်။

ဗီယက်နမ်အသင်းသည် မိနစ် ၃၀ နောက်ပိုင်းမှ ဂိုးစတင်ရရှိခဲ့ပြီး ၃၆ မိနစ်တွင် ဗန်သန်၊ ၄၃ မိနစ်တွင် ထိုင်ဆွန်၊ ၇၉ မိနစ်တွင် မိုဟာမက်အီဟန်က သွင်းယူခဲ့ပြီး စင်ကာပူအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၉၀ တွင် ဗီယက်နမ်အသင်းမှ သီဟောင်ဖူက သွင်းယူခဲ့သည်။ မလေးရှားအသင်းသည် ပထမဆုံးပွဲတွင် လာအိုအသင်းကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပြည့် စတင်ရရှိခဲ့သည်။ ယခုပွဲတွင် သွင်းဂိုး ခြောက်ဂိုးအထိရှိခဲ့ပြီး ကိုယ့်ဂိုးကိုယ်သွင်းယူသည့်ဂိုးမှာ သုံးဂိုးအထိ ပါဝင်ခဲ့သည်။ မလေးရှားအသင်းအတွက် ဂိုးများကို လေးမိနစ်တွင် မိုဟာမက်၊ ၇၅ မိနစ်တွင် ဆာရာဟီနှင့် ၉၀+၁ မိနစ်တွင် နာဂျာမူဒင်တို့က သွင်းယူခဲ့ပြီး ကျန်နှစ်ဂိုးမှာမူ ၂၈၊ ၉၀+၄ မိနစ်တွင် လာအိုကစားသမား နှစ်ဦး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ လာအိုအသင်းရရှိသည့် ချေပဂိုး တစ်ဂိုးမှာလည်း မိနစ် ၂၀ တွင်မလေးရှားကစားသမား ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်**

ကဆုန်လပြည့်နေ့၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရားစေတီပုထိုးများတွင် ကုသိုလ်ဒါနကောင်းမှုပြုကြသူများဖြင့် စည်ကား

ရန်ကုန် မေ ၃

ယနေ့သည် ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ဒါနကောင်းမှုပြုကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အကြိမ် (၄၀) မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို စေတီတော်ရင်ပြင်ရှိ ညှော့တန်ဆောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်ဟိန်းနှင့်ဇနီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဗုဒ္ဓပူဇာအဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း ဘုရားတရား၊ သံဃာဂုဏ်တော်များ၊ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များသည်အကြိမ် (၄၀) မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲကျင်းပရန် စေတီတော်ရင်ပြင်ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး အခမ်းအနားကျင်းပမည့်မဟာဗောဓိညောင်ပင်နေရာ၌ နေရာယူကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာ တင်လှူပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထိန်ဝင်းက ဗောဓိရုက္ခဥဒက ပူဇာမင်္ဂလာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်မဟာဝိသုဒ္ဓါရုံ တိုက်သစ်ဦးစီးပဓာနနာယက တိပိဋကဓရ၊ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ညှော့ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ၊ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းဖွဲ့များနှင့် ဘုရာဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ယနေ့တွင် စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ဆူးလေစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့တို့က ကြီးမှူးကျင်းပသည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ညောင်ရေသွန်းလောင်းပူဇော်ပွဲများသို့ သွားရောက်ကြပြီး ဗောဓိညောင်ပင်အား ဘုရားဖူးလာပြည်သူများနှင့်အတူ ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး(ဝဲပုံ) စတုဒိသာ ကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အပြင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာခြင်းနှင့် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းခြင်းအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များက ဂေါတမရုပ်ပွားတော်မြတ်ရှေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ညှော့ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်တော်မူသည့် အန္တရာယ် ကင်းပရိတ်တရားတော်များ နာကြားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၍ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသ ဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်း ၂၃ သင်းတို့မှ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မဟာဝိဇယစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားတို့၌လည်း သက်ဆိုင်ရာ စေတီတော် ဂေါပကအဖွဲ့ဝင်များကြီးမှူး၍ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ကျင်းပကြကြောင်း သိရသည်။

သတင်းစဉ်

ကဆုန်လပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကား

နေပြည်တော် မေ ၃

ယနေ့ကျရောက်သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုခြင်း၊ ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ခြင်း၊ စေတနာရှင်၊ ကုသိုလ်ရှင်များက သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ကျင်းပခြင်းနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းကြခြင်းစသည့် ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ နံနက်ပိုင်းမှ စတင်၍ (၁၅) ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲနှင့်အတူ ဗုဒ္ဓနေ့ဆိုင်ရာ အခမ်းအနားဖြစ်သည့် ဗုဒ္ဓနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပခြင်း၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ အခမ်းအနားကျင်းပခြင်း၊ ညပိုင်း၌ ဆီမီးတိုင်များ ကိုင်ဆောင်၍ လှည့်လည်ပူဇော်ခြင်း၊ ဓမ္မသဘင် ဆင်ယင်ကျင်းပခြင်း စသည့် အခမ်းအနားများကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပသည်။

ထို့ပြင် ဗုဒ္ဓဂယာ (နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၊ကိုးခန်းကြီးစေတီတော်၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီနှင့် လက်လုပ်တောင်စေတီ စသည့်ဘုရားတို့တွင်လည်း ဓမ္မစကြာဝတ်အသင်းများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ဘုရားဖူးလာပြည်သူများက ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ခြင်းတို့ကို ကုသိုလ်စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ကြပြီး အလှူရှင်များက ရေ၊ အစားအစာနှင့် အချိုရည်များကို စတုဒိသာအလှူအဖြစ် လှူဒါန်းကြသည်။

ဓာတုစယဓာတ်ပေါင်းစု စေတီတော်မြတ်ကြီး (၁၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်စဉ်။

ညနေပိုင်းတွင်လည်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့်မဟာဗောဓိပင်တော်တို့၌ ဆီမီး၊ ပန်းမန်၊ သောက်တော်ရေကပ်လှူ ပူဇော်ကြသူများ၊ ဝတ်ရွတ်ပူဇော်ကြသူများ၊ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရှိ Ocean Super Center၊ Junction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများနှင့် နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လေ့ခွင်းတောင် ကမ်းခြေအပန်းဖြေစခန်းတို့တွင်လည်း အပန်းဖြေလာရောက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ကဆုန် လပြည့်နေ့တွင် ဘုရားဖူး လာရောက်ကြသည့် ပြည်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကူညီစောင့်ရှောက်ပေးလျက် ရှိပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။ **အောင်ရဲသွင်**

ဓာတ်ပုံ - ကိုကြီးထိန်

စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် စွယ်တော်ကြုတ် ဖန်အုပ်ဆောင်းအသစ်လဲလှယ်ပူဇော်ခြင်းနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲများ စည်ကားသိုက်မြိုက်စွာကျင်းပ

မန္တလေး မေ ၃

အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် (မန္တလေး) စွယ်တော်ကြုတ် ဖန်အုပ်ဆောင်းအသစ်လဲလှယ်ပူဇော်ခြင်းနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါစွယ်တော်မြတ်စေတီတော်(မန္တလေး)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ပတ္တမြားကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတာဘိဝံသ အမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်ကာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ပတ္တမြားကျောင်းတိုက် ဆရာတော်ထံမှ သီလများ ခံယူဆောက်တည်ကြပြီးနောက် ပရိတ်တရားတော်များကို နာယူကြသည်။

လက်ဆင့်ကမ်းလွှဲပြောင်း

ဆက်လက်၍ ဆရာတော်ကြီးများ၏ ရှေ့မှောက်တွင် တင်လှူပူဇော်ထားသည့် စွယ်တော်ကြုတ် ဖန်အုပ်ဆောင်းအသစ်အား ပတ္တမြားကျောင်းတိုက်ဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလှူရှင် New-star Light Group of Companies ဥက္ကဋ္ဌတို့က ကပ်လှူပြီးနောက် စွယ်တော်ကြုတ် ဖန်အုပ်ဆောင်း အသစ်အား ပင့်ဆောင်လှည့်လည်ပူဇော်ပြီး ဥပါသကာတစ်ဦးထံ လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်၍ တပ်ဆင်ပူဇော်ခဲ့သည်။

၎င်းနောက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ)၊ မစိုးရိမ်တိုက်သစ်နာယက၊ ဓမ္မဂါရဝ ကျောင်းဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ထံမှ ရေစက်ချတရားတော်များ နာယူကြည်ညိုကာ ရေစက်သွန်းချ အမျှအတန်းပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းပြီးနောက် ဆရာတော်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့သည်။

ကဆုန်ညောင်ရေသွန်းလောင်း

ဆက်လက်၍ ဘုရားပရိဝုဏ် အရှေ့မြောက်ဘက်ရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းခြင်းမင်္ဂလာအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ညောင်ရေသွန်းလောင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများနှင့်အတူ ကဆုန်ညောင်ရေ သွန်းလောင်းခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကဆုန်ညောင်ရည် သွန်းလောင်းပြီးနောက် ဘုရားဖူးပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ် ဆင်ရွာမြင်မှူးကျေးရွာ “ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး” ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား (အဋ္ဌမ)အကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲသို့ ရောက်ရှိကာ အခမ်းအနားကို ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံဂေါစရဂါမ်ကျေးရွာ ၂၃ ရွာမှ ညောင်ရေသွန်းလောင်း အဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ဓမ္မစကြာဝတ်ရွတ်အသင်း၊ ဘုရားဖူးပြည်သူများနှင့်အတူ ဘိသိက်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ဖွင့်လှစ်၍ ကဆုန်ညောင်ရေ သွန်းလောင်းကာ ဘုရားဖူးပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်ခဲ့သည်။

လှူဒါန်းကြသူများဖြင့်စည်ကား

၁၃၈၅ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်တို့ရှိတန်ခိုးကြီးဆုတောင်းပြည့်ဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ကဆုန်ညောင်ရေ သွန်းလောင်းကြသူများ၊ စတုဒိသာကျွေးမွေး လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ကြီးမှူးကျင်းပသည့် သာသနာတော်နှစ် (၂၅၆၇)နှစ် အထိမ်းအမှတ် မန္တလေးမြို့လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူဒါန်းပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

မန္တလေး မေ ၃

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် သာသနာတော်နှစ် (၂၅၆၇) နှစ် အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များမှ ကြီးမှူး၍ မန္တလေးမြို့လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီက မန္တလေးမြို့ ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့ရှိ သတ်မှတ်မင်္ဂလာမဏ္ဍပ်များတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မိကာရာမကျောင်းတိုက် မိတ္ထီလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇနပီယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး/မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မန္တလေးမြို့လေးပြင်လေးရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်မိသားစုများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

သီတင်းသုံးတော်မူ

ဦးစွာ မန္တလေးမြို့ လေးပြင်လေးရပ်တို့မှ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာ ၁၀၂၆၈ ပါးတို့က ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ် အသီးသီးတို့နှင့် ယာယီသီတင်းသုံးနေရာများတွင် သီတင်းသုံးတော်မူကြသည်။

ယင်းနောက် နံနက်ပိုင်းတွင် အခမ်းအနားအား ကျုံးလေးပြင်လေးရပ်ရှိ မင်္ဂလာမဏ္ဍပ်အသီးသီး၌ နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီးနောက် ဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်ကြီးများထံမှ အနုမောဒနာ ရေစက်ချတရားနာယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုရုပ်သိမ်းခဲ့သည်။

လှူဖွယ်ပစ္စည်းများလောင်းလှူ

ဆက်လက်၍ မန္တလေးမြို့လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲကို တစ်ပြိုင်တည်းကျင်းပရာ သတ်မှတ်ထားသည့်ဥပါသကာအဖွဲ့များမှ အစီအစဉ်များအတိုင်း ဆရာတော်ကြီးများအား ပင့်ဆောင်လာရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို တစ်ပြိုင်တည်း လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကဆုန်လပြည့်(ဗုဒ္ဓနေ့) နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ကဆုန်ညောင်ရေသွန်း ကုသိုလ်ပြုသူများဖြင့် စည်ကားများပြား စာတ်ပုံမြင်ကွင်း

လပွတ္တာမြို့ ကျက်သရေဆောင် အောင်တော်မူစေတီတော်ပရိဝုဏ် အတွင်းရှိ မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြသူများကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)

ကဆုန်လပြည့် ဗုဒ္ဓနေ့ ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။ သက်ဖြိုးကြိုင် (ပြန်/ဆက်)

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ မေ ၃ ရက် နံနက်ပိုင်းက (၁၀၅) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ကိုဆက်(ပြန်/ဆက်)

ကျောက်ဆည်မြို့နယ်ရှိ ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားတွင် ကဆုန်လပြည့်နေ့ နံနက်ပိုင်းမှ စတင်ပြီး ဘုရားဖူး ကုသိုလ်ပြုသူများစည်ကားနေသည်ကို တွေ့ရစဉ်။ သက်မောင်(ကျောက်ဆည်)

ထားဝယ်မြို့ ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီး အနီးရှိ မဟာဗောဓိညောင်ပင်သို့ ကဆုန်ညောင်ရေသွန်းလောင်း ကုသိုလ်ယူကြသူများကို တွေ့ရစဉ်။ ငွေဇင်ယော်(ထားဝယ်)

လှည်းကူးမြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးအနီး မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော် ကုသိုလ်ယူသူများကို တွေ့ရစဉ်။ နိုင်လင်းအောင်(ပြန်/ဆက်)

ကဆုန်လပြည့်နေ့ နံနက်ပိုင်းက မော်လမြိုင်ကျွန်းမြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ထွေး ဦးဆောင်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများက မြို့ဦးစေတီတော်အနီး မြစ်အတွင်းသို့ ငါးအကောင်ရေ ၁၀၀၀၀၀ အား ဇီဝိတဒါနလွှတ်ပေးကြစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဇေယျာသီရိမြို့နယ်ရှိ တထောင့်ဝင်ကုန်း မိုးကောင်းစေတီ၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသူများကို တွေ့ရစဉ်။ ထွန်းလင်း(ဇေယျာမြေ)

ဟသ်ာတမြို့နယ် ဘုရားကြီးရပ်ကွက် ငါးမျက်နှာစေတီတော်မြတ်ကြီးတွင် မေ ၃ ရက် နံနက်ပိုင်းက သံဃာ တော် အပါး ၄၄၀ နှင့် သီလရှင် အပါး ၁၀၀ တို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း ဦးဆောင်သည့် အလှူရှင် ၁၆၀၀ ခန့်က လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်များ လောင်းလှူပူဇော်ကြစဉ်။ ခရိုင်(ပြန်/ဆက်)

ကဆုန်လပြည့်(ဗုဒ္ဓနေ့) နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ကဆုန်ညောင်ရေသွန်း ကုသိုလ်ပြုသူများဖြင့် စည်ကားများပြား ဓာတ်ပုံမြင်ကွင်း

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပစဉ်။ သက်ခိုင်(သန်လျင်)

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ကောင်းမှုကုသိုလ်ပြုသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဇော်မင်းလတ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ ကျောင်းတိုက်များမှ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပစဉ်။ တင်ဇာလွင်

မန္တလေးမြို့ မဟာမုနိဘုရားကြီး၌ ညောင်ရေသွန်း ပူဇော်ကြစဉ်။ မောင်အေးချမ်း

နေပြည်တော် ဇေယျာသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက်၌ မဟာဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းပူဇော်ကြစဉ်။ ဟိန်းဇော်ထက်

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ ရွှေစေတီဘုရားဝင်းအတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။ ခရိုင်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋရံသီ မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပစဉ်။ လှိုင်မျိုးအောင်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိုင်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် ခြင်းလုံးအားကစားအဖွဲ့ထွက်ခွာ

ရန်ကုန် မေ ၃

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်အထိ လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ခြင်းလုံးအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ အားကစားသမား အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး၊ အုပ်ချုပ်နည်းပြ ခြောက်ဦး၊ ဒိုင်ရှစ်ဦးတို့ထွက်ခွာသွားရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် ဇနီး၊ ဒုတိယဥက္ကဋ္ဌ ဦးချမ်းသာဦးတို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ နည်းပြတွေနဲ့ ရှစ်လခန့် စခန်းသွင်းလေ့ကျင့်ထားပြီး အားကစားသမားတွေကို ရာနှုန်းပြည့် ယုံကြည်မှုရှိပါတယ်။ ပြိုင်ပွဲအမျိုးအစား အမျိုးသား လေးမျိုး၊ အမျိုးသမီး လေးမျိုး၊ အမျိုးသား + အမျိုးသမီး သုံးမျိုး ထည့်သွင်း ကျင်းပသွားမှာပါ။ ရွှေလေးခု ခန့်မှန်းထားတယ်။ အဓိကပြိုင်ဘက်က ထိုင်း၊ အိမ်ရှင် ကမ္ဘောဒီးယား ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်က ပြောသည်။

မြန်မာခြင်းလုံးအားကစားအဖွဲ့သည် မေ ၆ ရက်မှ ၉ ရက်အထိ ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မြန်မာအလင်း

စာတည်းမှူးချုပ်	–	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	–	မြင့်စိုး
သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းများ	–	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	–	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	–	ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	–	တင်စိုး
သုတေသန	–	အိအိခင်နှင့် အဖွဲ့
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	–	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	–	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၃-၅-၂၀၂၃

ရွှေ

အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ်	၂၃၃၅၀၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ်	၂၃၂၇၀၀
ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၉၈၂
ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ	၁၉၈၀

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၉၀၀ ကျပ်	၁၉၅၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၉၈၀ ကျပ်	၂၀၃၀ ကျပ်
အောက်တိန်း ၉၂	၁၉၉၅ ကျပ်	၂၀၄၅ ကျပ်
အောက်တိန်း ၉၅	၂၀၇၅ ကျပ်	၂၁၂၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၉၉ . ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၇၁ . ၇
ထိုင်း	တစ်ဘတ်	ကျပ်	၆၁ . ၃၇၇
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၂၈ . ၃
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၇၀ . ၄၃
တရုတ်	တစ်ယွမ်	ကျပ်	၃၀၃ . ၈၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၆၄၆

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၁၀၀	၇၉၀၀	၄၀	၃၂၂၀၀၀
MTSH	၂၉၀၀	၂၈၀၀	၄၁၀၅	၁၁၇၅၂၀၅၀
MCB	၇၀၀၀	၇၀၀၀	၇၆၇	၅၃၆၉၀၀၀
FPB	၁၄၅၀	၁၄၅၀	၂၀၀၄	၂၉၀၅၈၀၀
TMH	၀	၀	၀	၀
EFR	၂၅၅၀	၂၅၅၀	၂၇	၆၈၈၅၀
AHP	၀	၀	၀	၀

ညီညီ – စုစည်းသည်

ကိုဗစ်-၁၉ ရောဂါ ခုခံတွေ့ရှိ ... ရောဂါ ခဏတ်ခွဲအတည်ပြုလူနာသစ် ၁၅၅ ဦး တွေ့ရှိ

ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်းရှိ

(၃-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီမှ (၃-၅-၂၀၂၃) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၈၈၅) ခုအား စစ်ဆေးပြီးစီး ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့ အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၉၆,၉၇၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၅,၂၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၉၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂-၅-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၁,၆၅၆,၁၈၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၉,၅၇၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂-၅-၂၀၂၃ ရက်နေ့အထိ)

အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၃၁,၆၅၆,၁၈၀
အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း	၆,၈၄၉,၅၇၅

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၁၉၁၅	၁၉၆၀	၁၉၅၅	၁၉၂၀	၁၉၆၀	၁၉၈၅	၁၉၇၀	၁၉၄၅	၂၀၄၅	၂၀၆၀	၁၉၅၅	၁၉၆၀	၂၀၀၀	၂၀၀၀	၂၀၀၀	၂၂၃၀	၂၈၁၀
95 Ron	၁၉၉၀	၂၀၄၀	၂၀၃၅	၂၀၀၀	၂၀၃၅	၂၀၆၀	၂၀၄၅	၂၀၂၀	၂၀၂၀	၂၁၃၅	၂၀၃၀	၂၀၄၅	၂၀၇၅	၂၀၇၅	၂၀၈၀	၂၃၀၅	၂၈၈၅
HSD (500 ppm)	၁၇၉၅	၁၈၄၅	၁၈၄၅	၁၈၀၅	၁၈၄၅	၁၈၆၅	၁၈၆၅	၁၈၃၀	၁၉၅၀	၁၉၄၅	၁၈၃၅	၁၈၅၀	၁၈၀၀	၁၈၀၅	၁၈၀၅	၂၁၀၅	၂၉၀၀
HSD (50 ppm)	၁၈၇၅	၁၉၂၅	၁၉၂၅	၁၈၀၅	၁၉၂၅	၁၉၄၅	၁၉၄၅	၁၉၁၀	၂၀၃၀	၂၀၂၅	၁၉၁၅	၁၉၃၀	၁၉၆၀	၁၉၆၅	၁၉၆၅	၂၁၉၅	၂၉၃၀
HSD (10 ppm)	၁၈၇၅	၁၉၂၅	၁၉၂၅	၁၈၀၅	၁၉၂၅	၁၉၄၅	၁၉၄၅	၁၉၁၀	၂၀၃၀	၂၀၂၅	၁၉၁၅	၁၉၃၀	၁၉၆၀	၁၉၆၅	၁၉၆၅	၂၁၉၅	၂၉၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၁၂	၁၈၈၁
95 Ron	၁၈၈၅	၁၉၅၆
HSD (500 ppm)	၁၇၀၂	၁၇၆၆
HSD (50 ppm)	၁၇၆၆	၁၈၄၁
HSD (10 ppm)	၁၇၇၆	၁၈၄၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ၊ တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်

နေပြည်တော် မေ ၃

ကျောင်းသား ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်က သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၊ စစ်တွေမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၁ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်းလူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများသည် အခြားဗဟုသုတရဖွယ်နေရာများသို့လည်း သွားရောက်လေ့လာကြရာ သက်ဆိုင်ရာနေရာဒေသအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား ဒေသန္တရဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်၍ ယနေ့တွင် သက်ဆိုင်ရာသင်တန်းစခန်းများမှ သင်တန်းသား သင်တန်းသူများကို နည်းပြ/အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများဦးစီး၍ ဒေသအလိုက် တန်ခိုးကြီးဘုရား၊ စေတီပုထိုးများသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်နေ နှင်းသီတာအောင်သည် ၎င်းအသုံးပြုသည့် “Hinn Thida Aung” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၃၉ ဦး လွတ်ငြိမ်းသက်သာခွင့်ပေး

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ ၃၁/၂၀၂၃ဖြင့် အကျဉ်းသား အကျဉ်းသူ ၃၃၉ ဦးအား လွတ်ငြိမ်းသက်သာခွင့်ပေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လွတ်ငြိမ်းသက်သာခွင့် ရရှိသော အကျဉ်းသား၊ အကျဉ်းသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်တို့က ဆုံးမစကားများ ပြောကြားပြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၃၉ ဦးကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ မီနီဘတ်စ်ယာဉ် ၁၂ စီးဖြင့် ၎င်းတို့သွားလိုသည့် နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား၊ အကျဉ်းသူ ၆၅ ဦး လွတ်မြောက်

တောင်ကြီး မေ ၃

ရှမ်းပြည်နယ်အတွင်းရှိ အကျဉ်းထောင် အသီးသီးမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သွားသူ အကျဉ်းသား/သူများအား သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက ဆုံးမသြဝါဒစကား ပြောကြားပြီး အကျဉ်းထောင်များရှိတာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း လက်မှတ်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပညာပေးလက်ကမ်းစာစောင်များ ထုတ်ပေးပြီး စားစရိတ်နှင့် ခရီးစရိတ်တို့ ပေးအပ်၍ စနစ်တကျ အကျဉ်းထောင်မှ လွတ်ပေးခဲ့သည်။

တာဝန်ရှိသူများက လွတ်မြောက်အကျဉ်းသားများအား ဆုံးမသြဝါဒစကားပြောကြားစဉ်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ညောင်ရွှေအကျဉ်းထောင်မှ ၄၆ ဦး၊ ကျိုင်းတုံအကျဉ်းထောင်မှ သုံးဦး၊ လားရှိုးအကျဉ်းထောင်မှ ၁၃ ဦး၊ သီပေါအကျဉ်းထောင်မှ သုံးဦး၊စုစုပေါင်း ၆၅ ဦး လွတ်မြောက်ခဲ့ကြောင်း နှင့် အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ပျော်ရွှင်စွာ ကြိုဆိုကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရွှေဘိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၂၉ ဦး လွှတ်ပေး

ရွှေဘို မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၂၉ ဦးအား ယနေ့ နံနက် ၁၀ နာရီက လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လွှတ်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ရွှေဘိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအနက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၂၂ ဦး၊ အကျဉ်းသူ ခုနစ်ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ဆုံးမသြဝါဒစကားပြောကြား

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၉ ဦးအား အကျဉ်းထောင်အစည်းအဝေးခန်းမ၌ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမျိုးဦး၊ အမှတ်(၅) စစ်နယ်မြေအုပ်ချုပ်ရေးမှူး ရွှေဘိုတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စွမ်းဇာနည်၊ ရွှေဘိုအကျဉ်းထောင်တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်လှိုင်တို့က ဆုံးမသြဝါဒစကားများ ပြောကြားကာ ထောင်လွှတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေးအပ်ပြီး လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

မြိတ်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၁၄ ဦး လွတ်မြောက်

မြိတ် မေ ၃

မြိတ်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/သူများအနက် ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကအရ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူ ၁၄ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ခြင်းဖြစ်သည်။

အကျဉ်းသား ရှစ်ဦး၊ အကျဉ်းသူ ခြောက်ဦးအား အကျဉ်းဦးစီးဌာန ဧည့်ရိပ်သာခန်းမတွင် အကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြား၍ ထောင်လွှတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး (ပြန်/ဆက်)**

မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား လေးဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မြောင်းမြ မေ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ ယနေ့နံနက်ပိုင်းက မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား လေးဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အခမ်းအနားကို မြောင်းမြအကျဉ်းထောင် မြဧရာခန်းမ၌ပြုလုပ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ရွှေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ စခန်းမှူးဒုရဲမှူးဇင်ကိုကို၊ မီးသတ်ဦးစီးဌာန၊ သတင်းတပ်ဖွဲ့ဌာနတို့မှ တာဝန်ရှိသူများက တက်ရောက်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ အကျဉ်းသားလေးဦးတို့အား ဆုံးမစကား ပြောကြားသည်။

ခရိုင်(ပြန်/ဆက်)

○ *ကျော်ဖုံးမှ*

ယနေ့မွန်းလွဲပိုင်းတွင် မန္တလေး ဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားခဲ့သည်။

ထို့နောက် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

တိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချို့ဝင်းထွန်းက "ဒီနေ့လွတ်မြောက်တဲ့သူ အားလုံးဟာ ပုဒ်မ ၅၀၅-က နဲ့ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေထဲကမှ ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံစားပြီး ကျန်ကာလ တစ်နှစ်အောက်သူတွေကို လွတ်ငြိမ်းခွင့်ပြုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက ထိန်းသိမ်းထားတဲ့ မည်သူ့ကိုမဆိုသူ့ရဲ့ ပြစ်ဒဏ်ကာလ ပြည့်တဲ့အချိန်မှာ လွတ်မြောက်စေချင်တဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့် ဒီနေ့လွတ်မြောက်တဲ့သူတွေကိုယ်စား နိုင်ငံတော်က တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ လွတ်မြောက်သွားတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေအနေနဲ့လည်း နိုင်ငံတော်ရဲ့ စေတနာအမှန်ကို သိရှိနားလည်မယ်လို့လည်း ယူဆပါတယ်" ဟုပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "အကျဉ်းထောင်ထဲမှာ နေလာတာလည်း တစ်နှစ်ကျော်ပြီဆိုတော့ အိမ်ကိုပြန်ချင်နေပါပြီ။ အခုလိုလွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး မိသားစုနဲ့ အမြန်ဆုံးတွေ့ရတဲ့အတွက်လည်း ရင်ထဲမှာ ပြောမပြတတ်အောင် ပျော်ရွှင်မိနေပါတယ်။ လူသားချင်းစာနာထောက်ထားပြီး လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

၉၅၁ ဦး လွတ်မြောက်လာခဲ့

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးခုမှ အကျဉ်းသား ၈၀၃ ဦး၊ အကျဉ်းသူ ၁၄၈ ဦး စုစုပေါင်း ၉၅၁ ဦး လွတ်မြောက်လာခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် မေ ၃

အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင်အသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၂၁၅၃ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အကျဉ်းသား၊ အကျဉ်းသူများကို တစ်ဦးလျှင် ခရီးစရိတ်အဖြစ် ခရီးမိုင်တစ်မိုင်အား ငွေကျပ် ၃၅ ကျပ်နှုန်း၊ စားစရိတ်အား တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဦးစီးရန်ပုံငွေမှ ပြည့်ဝစွာ ထုတ်ပေးခဲ့ကြောင်း သိရသည်။

အကျဉ်းသား၊ အကျဉ်းသူများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင် တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကား ပြောကြား၍ ထောင်လွတ်လက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိသူ ၂၁၅၃ ဦးအနက် ကချင်ပြည်နယ်မှ ၁၄ ဦး၊ ကယားပြည်နယ်မှ ၁၀၁ ဦး၊ ကရင်ပြည်နယ်မှ ၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၅၀၊ မကွေးတိုင်းဒေသကြီးမှ ၉၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၈၁၁ ဦး၊ မွန်ပြည်နယ်မှ ၂၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၃၃၉ ဦး၊ ရှမ်းပြည်နယ်မှ ၆၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၈ ဦး လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူး ဝမ်းမြောက်စွာ နှုတ်ဆက်ကြပြီး ခရီးဝေး သွားရောက်ကြမည့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၃၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

ထားဝယ် မေ ၃

ထားဝယ် အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအနက် အကျဉ်းသား၊ အကျဉ်းသူ ၃၄ ဦးအား ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၂၃ ဦး၊ အကျဉ်းသူ ၁၁ ဦးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မြင့်သိန်းနှင့် တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားကြပြီး ထောင်လွတ်လက်မှတ်နှင့်အတူ သတ်မှတ်ခရီးစရိတ်များကို ထုတ်ပေးသည်။

ထို့နောက် အကျဉ်းထောင်များမှ လွတ်ငြိမ်းခွင့် ရရှိသူများအားလုံးကို လွှတ်ပေးခဲ့ရာ အကျဉ်းထောင် အပြင်ဘက်တွင် မိဘ၊ ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးသားချင်းများက ဝမ်းပန်းတသာဖြင့် လာရောက်ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

မွန်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူ ၂၆ ဦး လွတ်ငြိမ်းခွင့်ရရှိ

မော်လမြိုင် မေ ၃

မွန်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများအနက် ကျိုက်မရောဇဟိုအကျဉ်းထောင်နှင့် သထုံအကျဉ်းထောင်တို့မှ သတ်မှတ်ချက်နှင့် ကိုက်ညီသူ အကျဉ်းသား ခုနစ်ဦး၊ အကျဉ်းသူ ၁၉ ဦး စုစုပေါင်း ၂၆ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ယနေ့နံနက်ပိုင်းက လွှတ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ အကျဉ်းထောင်တာဝန်ခံအရာရှိ အပါအဝင် သက်ဆိုင်ရာနယ်မြေဒေသရှိ ခရိုင်/မြို့နယ်၊ အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် အကျဉ်းထောင်ရှိ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီးရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ကာ လွတ်ငြိမ်းခွင့်ရသူများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ်၊ စားစရိတ်၊ ခရီး စရိတ်၊ လုပ်အားဆုငွေများ ထုတ်ပေးခြင်း၊ ထမင်းထုပ်များ ဝေငှခြင်း၊ မော်တော်ယာဉ်များဖြင့် ကားဂိတ်နှင့် ဘူတာရုံများသို့ လိုက်လံပို့ဆောင်ခြင်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

ခင်စန်းမြင့် (ပြန်/ဆက်)

မေ ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတအကျဉ်းထောင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် လွတ်မြောက်သူတစ်ဦးအား လွှတ်ပေးခြင်း အခမ်းအနားကို အကျဉ်းထောင် တာဝန်ခံအရာရှိ ရုံးခန်း၌ ပြုလုပ်စဉ်။

သတင်းစဉ်

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အကျဉ်းဦးစီးဌာန၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း အခမ်းအနားကို မေ ၃ ရက်က ကျင်းပရာ လွတ်ငြိမ်းခွင့်ရရှိသည့် အကျဉ်းသား သုံးဦးအား လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးသွားစရိတ်နှင့် စားစရိတ်များကို တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပေးအပ်စဉ်။

စိုင်း(သီပေါ)

လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူ ၁၃ ဦး လွတ်မြောက်

လားရှိုး မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများအား လွှတ်ပေး သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လားရှိုးအကျဉ်းထောင်ရှိ ဓမ္မာရုံ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝေဠုသတိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လင်း၊ အကျဉ်းထောင် တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းကျော်တင့်၊ ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလွင်ဆန်းတို့ တက်ရောက်ကြပြီး လားရှိုးခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝေဠုသတိုးတို့က ဆုံးမသြဝါဒစကား ပြောကြားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ ၃၁/ ၂၀၂၃ အရ ရှမ်းပြည်နယ် (မြောက် ပိုင်း) လားရှိုးမြို့ လားရှိုးအကျဉ်း ထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းရသည့် အကျဉ်းသား၊ အကျဉ်းသူ ၁၃ ဦးအား လွှတ်ပေးခဲ့ကြောင်း သိရသည်။

စိုင်းထွန်း(လားရှိုး)

မုံရွာမြို့ အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၁ ဦး လွတ်ငြိမ်းခွင့်ရ

မုံရွာ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းဦးစီးဌာန မုံရွာ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများမှ အကျဉ်းသား ရှစ်ဦးနှင့်အကျဉ်းသူ သုံးဦး စုစုပေါင်း ၁၁ ဦးကို ယနေ့တွင် လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

လွတ်ငြိမ်းခွင့်အခမ်းအနားကို အဆိုပါအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ပြီး အခမ်းအနားသို့ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး လှမြင့်၊ မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်တို့က လွတ်ငြိမ်းခွင့်ရရှိသူများအား ဆုံးမစကားများ ပြောကြားပြီးနောက် ထောင်လွတ်လက်မှတ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် ခရီးစရိတ်ငွေ၊ ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)

မေ ၃ ရက်က သရက်အကျဉ်းထောင်မှ အကျဉ်းသား ၂၈ ဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ၂၉ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ၎င်းတို့အား ခရိုင်စီအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အကျဉ်းထောင်တာဝန်ခံတို့က တွေ့ဆုံပြီး ဆုံးမသြဝါဒစကားပြောကြားစဉ်။

ခရိုင် (ပြန်/ဆက်)

ပျောက်ဆုံးကြောင်း

ကျွန်မ မဇာဇာဝင်း (ဘ) ဦးဘိုဌေး ၉/ရမသ(နိုင်)၀၂၂၃၈၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၄၁၅၇၉၅၂

ပျောက်ဆုံးကြောင်း

ကျွန်မ မအိဖြူဇင် (ဘ)ဦးဝင်းညွန့် ၉/တကန(နိုင်)၂၅၅၈၀၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-183484) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၃၆၆၇၃၉

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချောက်ကြားကျေးရွာနေ မချစ်စုကျော်၊ အထက(ခွဲ)ချောက်ကြား Grade-8 မှ မောင်အေးချမ်းမောင် တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်း ၈/မသန(နိုင်) ၀၈၀၀၃၀ ဖြစ်ပါကြောင်း။

ဦးဆန်းမင်း

အမည်ပြောင်း

ဦးသန့်ဇော်ထွန်း ၈/ခမန(နိုင်)၁၄၃၆၉၈-ဒေါ်ဟန်သော်သော်ဝင့် ၈/ခမန(နိုင်)၁၃၄၈၆၄ တို့၏သမီး မကွေးမြို့ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-8 မှ မယမင်းသူဇာထွန်း အား မဆုလာဘ်ရတနာ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုလာဘ်ရတနာ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်း(၃၀-သုဝဏ္ဏ) ဘုရားအနီး၊ ရန်ကုန်သစ်ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၆၆)၊ ဧရိယာ (၀ဒသမ၁၂၅)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်နွယ်နွယ်စမ်း (၁၂/သကတ(နိုင်) ၁၂၄၀၆၃) အမည်ပေါက်လျက်ရှိပြီး၊ ၎င်းအမည်ပေါက်ကိုယ်တိုင်မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ် ဦးကိုကိုနိုင်-ဒေါ်စပယ်မြင့်မှအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့် အဆောက်အအုံတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်တားမြစ်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကိုကိုနိုင် ၁၂/သဃက(နိုင်) ၁၁၉၀၁၁
ဒေါ်စပယ်မြင့် ၇/အဖန(နိုင်) ၀၅၄၃၀၅
အမှတ်(၄၅)၊ ခွန်နီ(၃)လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၆၆၀၅၀၊ ၀၉-၂၅၀၄၁၂၅၅၀

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဘေးမဲ့ပေးရန်နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီလ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှထောင်ပေါင်း များစွာသော ပုစွန်များ ပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဧပြီလ၊ မေနှင့် ဇွန်လများတွင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက **“ရေချိုငါးလုပ်ငန်းဥပဒေ”**ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်ကြီးများ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံး ရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ TARM KHUN CONSTRUCTION CO.,LTD ၏ အစုရှယ်ယာများ လျှော့ချရန်အတွက် အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးတက်ရောက်ပေးနိုင်ပါရန် အစုရှယ်ယာရှင်များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
TARM KHUN CONSTRUCTION CO., LTD

အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ K.Y.G.N CO.,LTD. ၏ အစုရှယ်ယာများ လျှော့ချရန်အတွက် အထူးအစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေးတက်ရောက်ပေးနိုင်ပါရန် အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
K.Y.G.N CO.,LTD.

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် (၄၆၅/က+ခ)၊ (၂)ခန်းတွဲ RC (၈ ၃/၂)ထပ်တိုက် (Lift ပါ) အဆောက်အအုံ၏ (၇-လွှာ)၊ တိုက်ကိုမျက်နှာမူလျှင်(လက်ဝဲဘက်အခန်း)၊ ဧရိယာ ၁၀၂၆ စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော MOHA MED FABWULLA KHAN (၁၂/ကတတ(ပြု)၀၀၁၁၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းသိန်း (၁၂/စခန(နိုင်)၀၀၂၈၇၅)၊ ဒေါ်စန္ဒာဝင်း (၁၂/ဒပန(နိုင်)၀၀၈၃၃၉)တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမင်းသိန်း၊ ဒေါ်စန္ဒာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင် (LL.B), WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)
အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရမည်းသင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်ကြီး၊ ရွှေပြည်သာရပ်အတွင်းရှိ အောင်မင်္ဂလာကွင်း၊ အမည်-၄၉/ဝါတိုး၊ ဦးပိုင်အမှတ်-၂၈ည၊ (၁ဒသမ ၄၁၆)ဧကအတွင်းမှ အရှေ့အနောက်၊ တောင်/မြောက်ဘက်(၄၈ပေ ၈လက်မ)၊ တောင်မြောက် အရှေ့ဘက်(၃၄)ပေ၊ အနောက်ဘက်(၂၅ပေ၃လက်မ) အကျယ်အဝန်းရှိ အရှေ့-ကားလမ်း၊ အနောက် ဦးမောင်ကို၊ တောင်-ဦးမျိုး၊ မြောက်-လမ်း၊ အလားလေးရပ်အတွင်းရှိမြေကွက်ပေါ်တွင် ဦးမောင်သန်း(၉/ပဘန(နိုင်)၁၆၃၄၄၃)-ဒေါ်အင်ကြင်းမိုး(၉/အမဇ(နိုင်)၀၈၉၃၅၁)မှ အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်သန်း-ဒေါ်အင်ကြင်းမိုး
ဝါးဘိုးအနောက်ရပ်၊ ရွှေပြည်သာ၊ ရမည်းသင်းမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/14084, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabae Phyu Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/37088, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ မအိအိခိုင် ၅/မရန(နိုင်)၁၅၅၅၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/35226, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ Auto Monywa Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5932 ယာဉ်အမည်ပေါက်သူ ဦးကျော်မင်းထွန်း ၇/တငန(နိုင်)၁၆၁၄၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည် တစ်ဦးတည်း ပိုင်ဆိုင်သည့် မြေယာများဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ သဇင်ကွန်ဒို၊ တိုက်အမှတ် ၅၆၊ အခန်းအမှတ်(၂၀၁)နေ ကျွန်ုပ်မိတ်ဆွေ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည် ၁၂/သလန(နိုင်) ၀၁၉၂၈၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

အောက်တွင်ဖော်ပြပါရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်(မြေယာ) များတို့မှာ-

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာ၊ ကွင်းအမှတ် ၆၇၃၊ ဆိပ်ကြီးအရှေ့ကွင်း၊ ဦးပိုင်အမှတ် ၂၀၊ မြေဧရိယာ(၁၇ဒသမ၆၆)ဧကရှိ မြေ၊ ကွင်းအမှတ်(၆၇၃)၊ ဆိပ်ကြီးအရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၀/၁)၊ မြေဧရိယာ(၁၀ဒသမ၂၄)ဧကရှိမြေတို့သည် ဦးတင်သိန်း အမည်ပေါက်မှ ဦးအောင်နိုင်ဦး အမည်သို့ ပြောင်းလဲခဲ့ရာ ၁၉၉၃ခုနှစ်မှစ၍ ယနေ့အချိန်ထိ ဦးဖိုးထူး(ကွယ်လွန်)နှင့် ဒေါ်လှတင်မိသားစုကို အထောက်အပံ့ပေး အခမဲ့နေ ထိုင်စေခဲ့ပါသည်။ ယခုအချိန်တွင် နဂါး ၉ ကောင်စေတီတည်ထားခြင်း၊ အင်ကြင်း ကံ့ကော်တစ်ထောင်စိုက်ပျိုးခြင်းနှင့် နေပြည်တော်၊ ဈေးကုန်းဆရာတော် ဦးပဏ္ဍိတ အား ကျောင်းဆောင်လှူဒါန်းခြင်းတို့ စီစဉ်ဆောင်ရွက်နေကြောင်း အများသိစေအပ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ အုပ်စု၊ ကွင်းအမှတ်၆၉၉(သဲဖြူကွင်း)၊ ဦးပိုင်အမှတ်(၁၇၂)၊ ဧရိယာ(၂ဒသမ၇၀)ဧက ရှိ၊ ဥယျာဉ်မြေ၊

၃။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်၆၉၉(သဲဖြူကွင်း)၊ ဦးပိုင်အမှတ်(၁၇၃)၊ ဧရိယာ(၁ဒသမ၀၀) ဧကရှိ ဥယျာဉ်မြေ

၄။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာ၊ ကွင်းအမှတ်(၆၁၉/A)၊ ကျိုက္ကမော့မြောက်ကွင်း၊ ဦးပိုင်အမှတ်(၆၈)၊ မြေဧရိယာ (၀ ဒသမ ၇၃)ဧကရှိမြေ

၅။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာ၊ ကွင်းအမှတ်(၆၇၃) (ဆိပ်ကြီးအရှေ့ကွင်း)၊ ဦးပိုင်အမှတ်(၄၁/၂၁)၊ ဧရိယာ(၉ဒသမ၉၆)ဧကရှိ မြေ၊

၆။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာ၊ ကွင်းအမှတ် ၆၇၂ (ဆိပ်ကြီးအနောက်ကွင်း)၊ ဦးပိုင်အမှတ်(၂၅/၂)၊ ဧရိယာ(၁၁ဒသမ၁၀)ဧကရှိမြေ

၇။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ကျောင်းကုန်းဆိပ်ကြီးကျေးရွာ၊ ကွင်းအမှတ် ၆၇၂/B၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၁၀ဒသမ၂၁)ဧကရှိ ဒေါ်အေးအေးခန့် အမည်ပေါက်မြေ၊ ကွင်းအမှတ်(၆၇၂/၁၃)၊ ဦးပိုင်အမှတ်(၅/ခ)၊ ဧရိယာ(၀ဒသမ၂၆)ဧကရှိ ဒေါ်အေးအေးခန့် အမည်ပေါက် ငါးမွေးမြူခွင့်ကျပြီးမြေ

၈။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အလွမ်းဆွတ် ကျေးရွာမြောက်ကွင်း၊ ကွင်းအမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၄ဒသမ ၇၀)ဧကရှိမြေ

၉။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အလွမ်းဆွတ်ကျေး ရွာမြောက်ကွင်း၊ ကွင်းအမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၁၂/၂)၊ မြေဧရိယာ(၅ဒသမ၀၂)ဧကမှ (၁ဒသမ၀၀)ဧကရှိ မြေ

၁၀။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အလွမ်းဆွတ်ကျေး ရွာမြောက်ကွင်း၊ ကွင်းအမှတ်(၆၆၀)၊ ဦးပိုင်အမှတ်(၂/၂)၊ မြေဧရိယာ(၂ဒသမ၀၀) ဧကရှိမြေ

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ ကွင်းအမှတ်(၆၆၄/A)၊ ဇာမဏီတောင်ကွင်း၊ ဦးပိုင်အမှတ်(၁၃၂/၂)၊ မြေဧရိ ယာ(၀ဒသမ၅၀)ဧကရှိမြေ စသည်တို့သည် ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည် တစ်ဦးပိုင်ဆိုင်အကျိုးခံစားခွင့် ရှိပါသည်။

အထက်ပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်(မြေယာ)များတို့ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးခန့်(ခ)ဒေါ်ခင်စန်းကြည်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း(သို့)အကွက်ရိုက်ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း၊ ဘာသာရေး၊ လူမှုရေးနှင့်အစိုးရအဖွဲ့အစည်းများအား စွန့်လွှတ်လှူဒါန်းခြင်း၊ စာရွက်စာတမ်းများ အတုပြုလုပ်ခြင်းနှင့် အခြားသော မသမာသောနည်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို လုံးဝ (လုံးဝ) မပြုလုပ်ကြရန် အလေးအနက်သတိပေး ကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်အောင်စိုး(LL.B,C.B.L,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၈၅)
အမှတ်(၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၁-၆၆၆၉၃၄

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း



၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် ရည်သန်လျက်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး မြန်မာမှုရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာနံရံစေတီ ၁ ဆူ(ပိဋကတ်ပါ မြန်မာပါဠိနှင့် မြန်မာဘာသာ ၂ ဆူပါ)	၂၇၉.၀၀	၇၂၀ ဆူ	၇၂၀	-
၂။	သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၃၀၀၄ သိန်း	၄၇၀၅၆ သိန်း
၃။	သုခမ္မာဇရပ်(၇၄×၁၀၀×၃)ပေ	၂၉၇၀.၀၀	၆	၅	၁
၄။	[illegible](၉၀×၂၄×၂၉)ပေ	၄၈၀၀.၀၀	၁	-	၁
၅။	[illegible](၇၂×၁၀၀×၃)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၅	၁	၁	-
၇။	ရွေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၉.၀၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း အဆောက်အဦ RC Structure လုပ်ငန်း မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၄,၂၈၄.၇၀	၁	-	၁
၈။	ရေပန်းအလှ(အချင်း ၁၅ ပေ အမြင့် ၉ ပေ)	၈၀၅.၀၀	၁၀ ခု	၁ ခု	၁၅ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄.၀၀	၉ တိုင်	၂ တိုင်	၇ တိုင်
၁၀။	[illegible](၁၀ ပေ ၁ ခန်း)	၇၂.၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၁။	[illegible] ၂၇ ပေခန်း	၄၀.၀၀	၄၅၅ ခန်း	၉၃ ခန်း	၃၆၂ ခန်း
၁၂။	[illegible](ကျောက်မြန်မာမှုပါ)	၉၂.၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	[illegible](၆ မီတာ) ၁ တိုင်လျှင်	၁၆.၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉.၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	[illegible](ကျောက်မြန်မာမှုပါ)	၇.၀၀	၆၅၂ ခု	၁၄၄ ခု	၅၀၈ ခု
၁၆။	[illegible] ၁ ကျင်းနှုန်း	၈.၅၀	၅၅၅၈.၁၅ ကျင်း	-	၅၅၅၈.၁၅ ကျင်း
၁၇။	[illegible](အင်္ဂတေမြန်မာမှု)	၄.၅၀	၂၁၈.၁၄ ကျင်း	၂၉ ကျင်း	၁၈၉.၁၄ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မ ခင်းခြင်း	၆.၅၀	၈၀၇၇ ကျင်း	-	၈၀၇၇ ကျင်း
၁၉။	[illegible]	၂,၇၅၁.၀၂	၁	၅၅၅၅ သိန်း	၁၇၁၉၆.၀၂ သိန်း
	(က) [illegible]	၆၇၁၁.၅၉	၁	-	၁
	(ခ) [illegible]	၂၆၀၆.၂၆	၁	-	၁
	(ဂ) [illegible]				
	၁။ [illegible](၁၇၉၉ ပေ)	၁၇၁၁.၈၅	၁	-	၁
	၂။ [illegible](၁၇၉၉ ပေ)	၁၇၁၁.၈၅	၁	-	၁
	၃။ [illegible](၆၀၁၂ ပေ)	၂၅၉၄.၂၆	၁	-	၁
	၄။ [illegible](၅၇၅၂ ပေ)	၂,၂၆၈.၄၀	၁	-	၁
	(ဃ) [illegible](၁၀၇.၆၅ ကျင်း)	၈.၅၀	၁၀၇.၆၅	-	၁၀၇.၆၅
	(င) [illegible]	၂၅.၂၀	၄၇	-	၄၇
	(စ) [illegible]				
	၁။ [illegible]	၅၇၀.၀၀	၁	-	၁
	၂။ [illegible]	၇၂၀.၀၀	၁	-	၁
၂၀။	[illegible](၁၂ ပေ × ၁၀၆ ပေ)	၂၃၉.၀၀	၁၂၇ ခု	-	၁၂၇ ခု
၂၁။	ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာဘာသာ ၂ မျက်နှာစီ)(Creamy Paper) လှူဒါန်းနိုင်ရေး(၅၁ ကျမ်း(၄၀ အုပ်))တစ်စုံလျှင်	၁၂.၀၀	၁၀၀၀ စုံ	၃၇၄ စုံ	၆၂၆ စုံ
၂၂။	ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာဘာသာ ၂ မျက်နှာစီ)(Bible Paper) လှူဒါန်းနိုင်ရေး(၅၁ ကျမ်း(၄၀ အုပ်))တစ်စုံလျှင်	၂၀.၀၀	၅၀၀ စုံ	၂၂၀ စုံ	၂၈၀ စုံ

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရဝုဏ်အတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လှူထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၃၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၆၅၀၁၉၉၉၉၈၊ ၀၆၇-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၉၈၂၅၂၈၆

အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

ပိဋကတ်ကျောက်စာမှုစေတီတော်

စဉ်	အမည်	အလှူငွေ (ကျပ်)
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ ပထမအကြိမ်)	၂၇၉၀၀၀၀၀
[illegible]	[illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	Pacific Hold Paragon Group Co.,Ltd [illegible] (မှုစေတီတော်-၁ ဆူ)	၂၇၉၀၀၀၀၀
[illegible]	[illegible] (TAIGE GROUP)နှင့် Mr. Chen AF [illegible] (မှုစေတီတော်-၂ ဆူ)	၅၅၈၀၀၀၀၀

သာသနိကအဆောက်အဦ

စဉ်	အမည်	အလှူငွေ (ကျပ်)
[illegible]	[illegible]	[illegible]

ပိဋကသုံးပုံကျမ်းစာအုပ်

စဉ်	အမည်	အလှူငွေ (ကျပ်)
[illegible]	[illegible] (အစုံ Bible Paper ကျမ်းစာအုပ်-၁ စုံ)	၂၀၀၀၀၀၀
[illegible]	[illegible] (Creamy ကျမ်းစာအုပ်-၁ စုံ)	၁၂၀၀၀၀၀

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်နှင့်လမ်းအထူးအဖွဲ့(၆)တို့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကတ္တရာ၊ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ ကျောက်ရှယ်စုံ၊ သံချောင်းရှယ်စုံနှင့် အခြားလုပ်ငန်းခွင်သုံးပစ္စည်းများ ဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ လမ်းအလိုက်၊ အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်စဉ်- (၁/၂၀၂၃-၂၀၂၄)

၁။ **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၄-၅-၂၀၂၃ရက် (ကြာသပတေးနေ့)မှ ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) အထိ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လားရှိုးမြို့၊ ဖုန်း-၀၈၂-၂၂၀၂၆၁၉၊၀၉-၄၂၈၈၆၅၇၇၅၆၊
- လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၆)၊လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၂၉၄၀၀၄၉၊၀၉-၄၂၅၉၆၁၁၅၅၂

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၅-၂၀၂၃ရက်(ကြာသပတေးနေ့) ညနေ ၄:၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၅-၂၀၂၃ရက်(သောကြာနေ့) နံနက် ၉:၃၀နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့၊ ဖုန်း-၀၈၂-၂၉၄၀၀၄၉၊ ၀၉-၄၂၅၉၆၁၁၅၅၂

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်း များအတွက် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီနှင့်ကတ္တရာ လုပ်ငန်းခွင်သုံးပစ္စည်းများဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ လမ်းအလိုက် အပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်စဉ် -(၂/၂၀၂၃-၂၀၂၄)

၁။ **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၁၂-၅-၂၀၂၃ရက် (သောကြာနေ့)မှ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့) အထိ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအထိ (ရုံးချိန်အတွင်း)

၂။ **တင်ဒါပုံစံရောင်းချ/တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့၊ ဖုန်း-၀၉-၄၅၆၉၅၃၂၄၇

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၂-၅-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၁၀နာရီ

၅။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့၊ ဖုန်း-၀၉-၄၅၆၉၅၃၂၄၇

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ GOVA CO.,LTD.၏ အစုရှယ်ယာများ လျှော့ချရန်အတွက် အထူးအစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ပါကြောင်းနှင့် အစည်းအဝေး တက်ရောက်ပေးနိုင်ပါရန် အစုရှယ်ယာရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
GOVA CO.,LTD.

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁၀)၊ (၆)လွှာ၊ (ခေါင်းရင်းဘက်ခြမ်း)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်အေးစန်း (၁၂/စခန(နိုင်)၀၀၉၄၂၃)က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်မာအေး (၇/သနပ(နိုင်)၀၀၀၂၇၇)မှလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သက်သက်မွန်	ဦးသုထက်ကျော်လွင်	ဒေါ်စုပိုပိုဇော်ဝင်း
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၁၀၆၀၅/၂၀၁၅)	(စဉ်-၄၉၅၀၂/၂၀၁၈)	(စဉ်-၅၄၈၃၅/၂၀၂၂)

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ (တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်သူ့အင်အားဦးစီးဌာန
နိုင်ငံတကာအကြံပေးပညာရှင်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို Mobile Tablet ဖြင့် စာရင်းကောက်ယူနိုင်ရေးအတွက် Software ရေးသားခြင်းနှင့် Computer-Assisted Personal Interviewing (CAPI) စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာ အကြံပေးပညာရှင်သည် လုပ်ငန်းဆောင်ရွက်မည့် အသေးစိတ်အစီအမံရေးဆွဲပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များပံ့ပိုးခြင်း၊ သင်တန်းပို့ချခြင်း၊ Program များ ရေးသားခြင်းနှင့် စနစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သန်းခေါင်စာရင်းလုပ်ငန်းအတွေ့အကြုံရှိသည့် နိုင်ငံတကာအကြံပေးပညာရှင်ကို စိစစ်အကဲဖြတ်ရွေးချယ် တာဝန်ပေးအပ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် အောက်ပါအတိုင်းဆက်သွယ်၍ အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **နိုင်ငံတကာအကြံပေးပညာရှင်၏ လုပ်ငန်းလမ်းညွှန်ရယူနိုင်သည့် ရက်နှင့် အချိန်** - ၅-၅-၂၀၂၃ရက်မှ ၃၁-၅-၂၀၂၃ရက်အထိ ရုံးချိန်အတွင်း။ လုပ်ငန်းလမ်းညွှန်အား www.dop.gov.mm တွင်လည်း ရယူနိုင်ပါသည်။

(ခ) **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၄၈)၊ နေပြည်တော်

(ဂ) **အဆိုပြုလွှာတင်သွင်းရမည့်နည်းလမ်း** - လူကိုယ်တိုင် (သို့မဟုတ်) email: pop.dept.mm@gmail.com မှတစ်ဆင့်

(ဃ) **အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် ရက်နှင့် အချိန်** - ၃၁-၅-၂၀၂၃ ရက်၊ ၁၆:၃၀နာရီ၊ မြန်မာစံတော်ချိန် (ရုံးချိန်အတွင်း)

(င) **အင်တာဗျူးကျင်းပမည့်ရက်နှင့် အချိန်** - ထပ်မံအကြောင်းကြားပါမည်။

၃။ သတ်မှတ်ရက်နှင့်အချိန်ထက် ကျော်လွန်တင်သွင်းသည့် အဆိုပြုလွှာများကို လက်ခံခြင်းပြုမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ဖော်ပြပါဖုန်းနံပါတ်နှင့် email သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ပြည်သူ့အင်အားဦးစီးဌာန၊ နေပြည်တော်
ဖုန်းနံပါတ် - +၉၅၆၇-၄၃၁၀၆၆၊ +၉၅၆၇-၄၃၁၃၃၉
email address - pop.dept.mm@gmail.com

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

